# မန္တလေး နေ့စဉ်

**The Mandalay Daily**

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၅၃)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၁၃ ရက် ၊ ၉–၅–၂၀၂၅၊ သောကြာနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym–Jomart Tokayev တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁–၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym–Jomart Tokayev နှင့် Ritz Carlton ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

**စာမျက်နှာ ၃ သို့ ○**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် မေ ၈**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ ဓလ**

၂၀၂၅ ခုနှစ်၊ မေ ၉ ရက်၊ သောကြာနေ့။

# အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန (ရုံးသစ်)ဖွင့်ပွဲကို မေ ၇ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာ အားကစားကွင်း၌ ကျင်းပသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမှာစကားပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အလျား(၈၁)ပေ၊ အနံ(၅၇)ပေ ရှိသော တိုင်းရုံးသစ်ကြီးကို ခွင့်ပြုငွေကျပ်(၅၈၈)သန်းဖြင့် Bo Min Bo Co.,Ltd. က တည်ဆောက်ခဲ့ပြီး ရုံးသစ်ကြီးဖြစ်မြောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာ့လက်ရွေးစင် အကျော်အမော်များကို မွေးထုတ်ပေးနိုင်ခဲ့တဲ့ အစဉ်အလာကောင်းသည့် တိုင်းဒေသကြီးတစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့တာကိုလည်း တွေ့ရှိရပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ယခင်နှစ်ကထက် ပိုမိုအောင်မြင်မှုများ ရရှိအောင်ကြိုးပမ်းကြပါလို့ ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း အားကစားလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အထူးအားပေးချီးမြှင့်လျက်ရှိပါကြောင်း၊ အားကစားကွင်း၊ အားကစားရုံများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုလည်း နိုင်ငံတကာအဆင့်မီအောင် မြှင့်တင်ဆောင်ရွက်ရန်၊ နောင်တွင် အိုလံပစ်အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည်အထိ ရည်ရွယ်၍ တည်ဆောက်ရန်လိုအပ်ပါကြောင်း၊ အဓိကအားကစားကွင်းကြီးအတွင်း အားကစားနည်း(၈)မျိုးကို နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျထည့်သွင်းတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်ရခြင်းကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပဆောင်ရွက်သွားရန်အတွက်ဖြစ်ပါကြောင်း၊ မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အားကစားအနေဖြင့်လည်း တိုင်းဒေသကြီးအဆင့်မှ နိုင်ငံ့လက်ရွေးစင်အဆင့်အထိ ရည်မှန်းချက်ထားရှိပြီး ကြိုးစားပေးသွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန (ရုံးသစ်)အား တည်ဆောက်သည့် Bo Min Bo Co.,Ltd.မှ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက လက်ခံရယူခဲ့သည်။

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ပူးပေါင်းပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများကို ၂၀၂၅ ခုနှစ်၊ မေလမှစ၍ အောက်တိုဘာလအထိ အားကစားနည်း(၁၄)နည်း ပြိုင်ပွဲအမျိုးအစား (၁၅)မျိုးကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင် ရေသန့်စက်ရုံများတွင် အသုံးပြုရန် ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်(NaOCI)ကလိုရင်းများ လှူဒါန်း



မန္တလေး မေ ၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ပြည်သူလူထုသို့ ဘေးအန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းသော သောက်သုံးရေဖြန့်ဝေနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့တွင်ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်(ငလျင်)ဘေးဒဏ်ခံရသော ပြည်သူများအား သန့်ရှင်းသောသောက်သုံးရေ ပေးဝေနိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေသန့်စက်ရုံများတွင် အသုံးပြုနေသော ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်(NaOCl) ကလိုရင်းများအား Chemical Industries (Myanmar) Limited (Thilawa)မှ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲရေးရုံးတွင် ကျင်းပသည်။

Chemical Industries (Myanmar)Limited (Thilawa)မှ ထုတ်လုပ်လှူဒါန်းသော ရေသန့်စက်ရုံများတွင် အသုံးပြုလျက်ရှိသည့် အမေရိကန်ဒေါ်လာ ၃၅၀၀ တန်ဖိုးရှိ ဆိုဒီယမ်ဟိုက်ပိုကလိုရိုက် (NaOCl)(၅)တန်ကို ကုမ္ပဏီတာဝန်ရှိသူများက လာရောက်လှူဒါန်းရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးထွန်းဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

အဆိုပါ ကလိုရင်းများအား မြေပေါ်ရေ အဓိကဖြန့်ဝေနေသည့် အမှတ်(၃)ရေတွန်းစက်ရုံ(ဝါခင်းကုန်း)၊ အမှတ်(၄)ရေတွန်းစက်ရုံ (ရေစစ်ကန်)၊ အမှတ်(၈)ရေတွန်းစက်ရုံ(ကမ်းနားလမ်း)နှင့် အမှတ်(၁၂)ရေတွန်းစက်ရုံ(ကနောင်)တို့တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




မန္တလေး မေ ၈

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုတော်ရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမမ္ဘာရုံ၊ စစ်ကိုင်း-မန္တလေးအရှေ့ဘက်တို့တွင်လည်းကောင်း၊ မေ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ (ဆဆ-၆)၊ ၁၀၆ လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

မန္တလေး မေ ၈

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ခနဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၄ နာရီက ကျင်းပရာ ခနဲ့(ခ)အသင်းက မြစ်လောင်းအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲတွင် ဆုရအသင်းများကို ဆုများပေးအပ်ချီးမြှင့်ရာ ပထမဆုရ ခနဲ့(ခ) အသင်းကို ဆုငွေကျပ် ၁၂ သိန်း၊ ဒုတိယဆုရ မြစ်လောင်းအသင်းကို ဆုငွေကျပ် ၈ သိန်း၊ တတိယဆုရ Southern Amara အသင်းကို ဆုငွေကျပ် ၅ သိန်း၊ စတုတ္ထဆုရ Sky Blue အသင်းကို ဆုငွေကျပ် ၂ သိန်းနှင့် ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများကို ခနဲ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြတ်ခိုင်က အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel (ဝဲပုံ) နှင့် Krasnaya Zvezda သတင်းစာ (ယာပုံ) တို့၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြား

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏ တွေ့ဆုံမေးမြန်းမှုများအား မော်စကိုမြို့ Ararat Park ဟိုတယ်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားသည်။

**ဆက်လက်ဖော်ပြသွားမည်**

ထိုသို့ တွေ့ဆုံမေးမြန်းရာတွင် RT TV Channel မှ အယ်ဒီတာချုပ်နှင့် Krasnaya Zvezda သတင်းစာမှ အထူးသတင်းထောက်တို့၏ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးဆိုင်ရာများကို ကူညီဆောင်ရွက်ပေးခဲ့မှု၊ လူသားချင်းစာနာထောက်ထားမှုဆက်ဆံရေးအပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားဆိုင်ရာ သမိုင်းကြောင်းအပေါ် ထင်မြင်ချက်များ၊ မြန်မာ့တပ်မတော် ကိုယ်စားပြုစစ်ရေးပြတပ်ဖွဲ့တစ်ဖွဲ့အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ယခုစစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့်အပေါ် သဘောထားအမြင်၊ အာဆီယံဒေသအတွင်း မြန်မာနိုင်ငံ၏ အခန်းကဏ္ဍစသည်တို့နှင့် အခြားသိရှိလိုသည်များအား မေးမြန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် မေးမြန်းဖြေကြားမှုအပြည့်အစုံအား ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား သတင်းဌာနများမှ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ Krasnaya Zvezda သတင်းစာ၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်တံဆိပ်နှင့် စာအုပ်တို့ကို ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းပြန်လည်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကာဇက်စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ကာဇက်စတန်နိုင်ငံသမ္မတနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

> ❑ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုတို့နှင့်ထပ်တူ စိတ်မကောင်းဖြစ်ရ၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်၍ ကျော်ဖြတ်သွားနိုင်မည်ဟုလည်း ယုံကြည် ကာဇက်စတန်နိုင်ငံသမ္မတ

ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်နိုင်ငံသမ္မတက မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုတို့နှင့်ထပ်တူ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်၍ ကျော်ဖြတ်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း ဖြင့် ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်မှာ ၂၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ကာဇက်စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအနေဖြင့်လည်း ၂၀၂၅ ခုနှစ် ဧပြီလအတွင်း၌ သံအမတ်ခန့်အပ်လွှာကို အဆွေတော်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် အဆွေတော်အနေဖြင့်ထပ်တူဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်းနှင့် မြန်မာနိုင်ငံအတွက် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် ဘဲလေးအကဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ လိုက်ပါ၍ မေ ၇ ရက် ဒေသစံတော်ချိန် ညပိုင်းတွင် State Academic Bolshoi Theatre သို့ ရောက်ရှိကြပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် “The Young Lady and The Hooligan” ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် State Academic Bolshoi Theatre သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများ၊ အထိမ်းအမှတ်ကပွဲသို့ လာရောက်ကြည့်ရှုကြသူများနှင့်အတူ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်အဖြစ် “The Young Lady and The Hooligan” ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြသည်။

ကပြဖျော်ဖြေမှု အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ရာ ကဇာတ်ရုံမှ တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါ State Academic Bolshoi Theatre သည် ကမ္ဘာ့အကျော်ကြားဆုံး ကဇာတ်ရုံများထဲမှ တစ်ခုဖြစ်ပြီး ၁၉ နှင့် ၂၀ ရာစုများအတွင်း Bolshoi ကဇာတ်ရုံသည် Tchaikovsky၊ Glinka နှင့် Mussorgsky တို့၏ လက်ရာများ ပထမဆုံးဖျော်ဖြေခဲ့သည့် ရုရှားအော်ပရာနှင့် ဘဲလေး အနုပညာတို့၏ ယဉ်ကျေးမှုဗဟိုအချက်အချာနေရာ ဖြစ်လာခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အကြီးစားပြန်လည်မွမ်းမံမှုများ ပြုလုပ်ခဲ့ပြီး ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ကာ သမိုင်းဝင် အဆောက်အအုံ၏ အလှကို ပြန်လည်ထိန်းသိမ်းခဲ့ကြောင်း၊ ယနေ့အချိန်တွင် Bolshoi ကဇာတ်ရုံသည် ရုရှားယဉ်ကျေးမှု၏ သင်္ကေတတစ်ခုအဖြစ် ကမ္ဘာ့အဆင့်မီ အနုပညာဖျော်ဖြေမှုများကို ဆက်လက်တင်ဆက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချအလေးပြုခြင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုသည်။



### ကြိုဆိုနှုတ်ဆက်

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### လွှမ်းသူ့ပန်းခွေချအလေးပြု

ယင်းနောက် ရှေ့ဆောင်စစ်သည်များမှ ဦးဆောင်၍ လွှမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov၊ အခြားပြည်ပနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများနှင့်အတူ အညတရစစ်သည် ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် မော်စကိုမြို့ Plaza Garden Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖြစ်လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin က ဟိုတယ်ရှိ အစည်းအဝေးခန်းမမှ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ရုရှားနိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခဲ့မှုများအတွက် အထောက်အကူများစွာရရှိခဲ့သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံစစ်ဘက်နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ စစ်ဘက်ပညာတော်သင်များဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး တို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက ရုရှားဘက်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက မြန်မာဘက်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက်တွေ့ဆုံဆွေးနွေးပွဲကို ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ထပ်တူကြေကွဲ ဝမ်းနည်းမိပါကြောင်း၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အမျိုးသမီးစောင့်ရှောက်မှုစီမံကိန်းများရှိပြီး ယူရေးရှားအမျိုးသမီးဖိုရမ်(Eurasian Women's Forum)ကို သုံးနှစ်တစ်ခါ ပြုလုပ်လျက်ရှိကြောင်း၊ ယင်းဖိုရမ်တွင် ကလေးငယ်များနှင့် အမျိုးသမီးများ၏ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် လုပ်ဆောင်ပေးလျက်ရှိပြီး အမျိုးသမီးများနှင့် ပတ်သက်သည့် စီမံကိန်းများတွင် မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်လာနိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့အပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးမှုများသည် မြန်မာနိုင်ငံအတွက် အထောက်အကူများစွာဖြစ်စေပြီး ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၏ ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များအား BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌတို့သည် မကြာမီပြုလုပ်မည့် BRICS Forum တွင် အစိုးရနှင့် စီးပွားရေးနယ်ပယ်ပေါင်းစုံမှ အမျိုးသမီးများပါဝင်သည့် အခြေအနေများ၊ BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ရုံးခွဲများကို ကမ္ဘာ့နိုင်ငံများတွင်ဖွင့်လှစ်ထားလျက်ရှိပြီး မြန်မာနိုင်ငံဘက်မှ စိတ်ဝင်စားပါက လာရောက်ဖွင့်လှစ်လိုသည့် အခြေအနေများ၊ လက်ရှိကမ္ဘာ့ရေးရာများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုအားပေးဆောင်ရွက်ရမည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်သည့်အခြေအနေများ၊ အမျိုးသမီးများ၏ နေ့စဉ်လူမှုဘဝဆောင်ရွက်မှုများသာမက ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ လုံ့လဝီရိယရှိမှု၊ ဦးဆောင်နိုင်မှု၊ ဖန်တီးနိုင်မှု စွမ်းအားတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှုများအား အသိအမှတ်ပြုအားပေးရန် လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးစွန့်ဦးတီထွင်မှုအခန်းကဏ္ဍ မြှင့်တင်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ပညာရေးနှင့် အမျိုးသမီးရေးရာတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ State Tretyakov Gallery သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ State Tretyakov Gallery သည် ရုရှားနိုင်ငံ၏ အရေးအပါဆုံး ယဉ်ကျေးမှုအနုလက်ရာများရှိရာ ကမ္ဘာကျော်ပြခန်းကြီးတစ်ခုဖြစ်ကြောင်း၊ ရုရှားလူမျိုးတို့၏ အနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုတို့ကို လေ့လာနိုင်သဖြင့် ရုရှားလူမျိုးတို့၏ ဓလေ့စရိုက်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့် စိတ်နေသဘောထားများ၊ သမိုင်းကြောင်းအစဉ်အလာများ၊ အနုသုခုမပညာရပ်တို့တွင် အဆင့်အတန်းမြင့်မားမှုများကို ပြတိုက်အတွင်းပြသထားသည့် အနုပညာပြကွက်များမှတစ်ဆင့် တွေ့မြင်ရနိုင်ကြောင်း၊ ပြခန်းကြီးတွင် ပြသထားသည့် အနုပညာကို လာရောက်ခံစားကြသူများအနေဖြင့် လူကြီးများသာမက လူငယ်များ၊ ကလေးငယ်များကိုပါ ရုရှားလူမျိုးတို့၏ အနုပညာ၏ တန်ဖိုးနှင့် အဆင့်အတန်းမြင့်မားမှုတို့ကို သိရှိသွားအောင် လုပ်ပေးလျက်ရှိသည့် ပြတိုက်ကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့် ဆောင်ရွက်နေမှု၊ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအား ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### တွေ့ဆုံအမှာစကားပြောကြား

ဦးစွာ ဒုတိယဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန် ဘာသာရပ်များ သင်ကြားပို့ချပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၄၇ သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူသည်။




ယင်းနောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ စခန်းဝင်လေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ခေတ္တပါမောက္ခချုပ်တို့က ကျောင်းသား ကျောင်းသူများအား စခန်းသွင်းသင်ကြားပို့ချပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ စခန်းဝင်သင်ကြားပေးနေမှု အခြေအနေများနှင့် ချက်ပြုတ်ကျွေးမွေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို အစားအစာ ချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်မှုရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးကို အထူးအလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

### ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် စစ်ကိုင်းတောင်ရှိ ဆွမ်းဦးပုညရှင်စေတီသို့ သွားရောက်၍ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် သီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိသရအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုငွေ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီးချုပ်က အားပေးစကား ပြောကြားပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၃၈၄၇ သန်းကို ပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဒုတိယဝန်ကြီးချုပ်က ယာယီနေရပ် စွန့်ခွာနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရောဝတီမြစ်ကမ်းနားလမ်းရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ စီစဉ်ဆောင်ရွက်ထားသော မြစ်ရေတင်စက်မှ သောက်သုံးရေအဖြစ် သန့်စင်၍ လိုအပ်သည့်ပြည်သူများသို့ အခမဲ့ ဖြန့်ဖြူးပေးနေသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### ပြိုကျပျက်စီးခဲ့မှုများ ကြည့်ရှု

ထို့နောက် စစ်ကိုင်းတံတားသို့သွားရောက်၍ ပြိုကျပျက်စီးခဲ့မှုများအား မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် တပ်မတော်(ရေ)မှ ဖယ်ရှားရှင်းလင်းရေး ပူးပေါင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးချုပ်က အဓိကရေလမ်းကြောင်းများ မိုးမကျမီဖွင့်လှစ်နိုင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေလယ်တိုင်များ ရေအောက်ပိုင်း ကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာနှင့် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာ

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များသည် မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာနှင့် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ ယနေ့တွင် သွားရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ ထွက်ခွာကြသည်။

မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များသည် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဟောကြားသည့် အနုမောဒနာတရားကို နာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက် လေ့လာကြည့်ရှုခဲ့ကြသည်။

ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် Etnomir ယဉ်ကျေးမှုနယ်မြေအတွင်း တည်ထားသည့် ရွှေစည်းခုံပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ယဉ်ကျေးမှုနယ်မြေအတွင်းသို့ လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ မွန်းလွဲပိုင်းတွင် မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ် အမှတ် (၂၁) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ် ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအားတွေ့ဆုံအားပေးစကား ပြောကြားသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်တန်းအဆင့်သည် အခြေခံပညာအဆင့်တွင် အဆင့်အမြင့်ဆုံးဖြစ်ပြီး နိုင်ငံတကာ "စံ" အရ တက္ကသိုလ်ဝင်ခွင့် အသိအမှတ်ပြုစာမေးပွဲဖြစ်သည့်အတွက် အလွန်အရေးကြီးပါကြောင်း၊ ငလျင်ဒဏ်မှ ရုန်းထွက်၍ မိမိရည်မှန်းချက်အတိုင်း ယခုကဲ့သို့ မလျှော့သော ဇွဲလုံ့လဖြင့် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်မှုများသည် ဘဝတစ်လျှောက် ကြုံတွေ့နိုင်မည့် အခက်အခဲများကိုအောင်မြင်စွာကျော်လွှားနိုင်ရန် အဓိကကျသည့် စိတ်ခွန်အားတစ်ခုပင်ဖြစ်ပါကြောင်း၊ ယခု Grade-12 စာမေးပွဲအား အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရန် ကျောင်းသား၊ ဆရာ၊ မိဘများ တက်ညီလက်ညီ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အစိုးရအဖွဲ့အစည်း အသီးသီးမှလည်း အထူးအလေးထား ကြပ်မတ် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြင်ဦးလွင်ခရိုင်တွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ အင်အား၏ ၉၉ ရာခိုင်နှုန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိသဖြင့် အလွန်အားရကျေနပ်မိပါကြောင်း၊ ကျန်ရှိနေသော အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အမြန်ဆုံး ရောက်ရှိပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုလို အားသွန်ခွန်စိုက် လာရောက်သင်ကြားပို့ချပေးသည့် ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ ဆရာမများ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆင်ပြေချောမွေ့စေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများအား သွားရောက်ကြည့်ရှု၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၂)ကြိမ်မြောက်လှူဒါန်းသည့် အောက်တိန်း (92) တန် ၁၇၀၀၀ အား လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၂) ကြိမ်မြောက်လှူဒါန်းသည့် အောက်တိန်း (92) တန် ၁၇၀၀၀ တင်ဆောင်လာသော သင်္ဘော T YU DONG သည် ယမန်နေ့ နံနက် ၂ နာရီ ၄၅ မိနစ်တွင် သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Max Energy Terminal သို့ ရောက်ရှိခဲ့သည်။

ထိုသို့ ရောက်ရှိလာသည့် အောက်တိန်း(92) တန် ၁၇၀၀၀ ကို ယနေ့နံနက်ပိုင်းက လွှဲပြောင်းလက်ခံရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ လွှဲပြောင်းလက်ခံခဲ့သည်။




အဆိုပါ ရောက်ရှိလာသည့် အောက်တိန်းများကို ငလျင်ဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးကိစ္စများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

# ကော့မှူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေး



ကော့မှူး မေ ၈

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ပန်းခင်းစီမံချက်-၃ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဘုရားလမ်းရပ်ကွက် မူလွန် (ပတုပ်) ကျောင်း၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာသို့ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် မေ ၈

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၈

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်များကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီ၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများကိုလည်းကောင်း ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့သို့ရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA နှင့်အတူ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပပြုလုပ်သော ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့သည် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာနရုမော် ဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့မှ ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့သည် ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသော ယုဇန နှစ်ထပ်စာသင်ဆောင်၊ နှင်းဆီ နှစ်ထပ်စာသင်ဆောင်၊ အောင်တံခွန်ခန်းမနှင့် ရေသန့်စက်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်တံခွန်ဈေးသို့ သွားရောက်၍ ၎င်းဈေးအတွင်း၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က လှူဒါန်းသော လူနေတဲ အလုံး ၆၀ နှင့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အဖွဲ့သည် တံတားဦးလေဆိပ်သို့ ရောက်ရှိကြပြီး ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသော ပစ္စည်း ၁၁ မျိုးအား လက်ခံရယူ၍ ဓာတ်ပုံရိုက်ကူးကြကာ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာမည့် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA ဦးဆောင်သော အဖွဲ့အား ပို့ဆောင်နှုတ်ဆက်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသော သာသနိကအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှု ကြည့်ရှုအားပေးစဉ်။

ဆင်တဲတိုက်သစ်ကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ပုထိုးတော်ကြီး ဆုတောင်းပြည့်မြတ်စွာဘုရား၊ ဆေးအိုးဘိုကျေးရွာရှိ ဓမ္မမဏ္ဍိုင်ကျောင်း၊ ဇဗ္ဗူထိပ်ပန်ဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်းတွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျထားရှိထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၃၉) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ငွက္ကတောင်ကျေးရွာအုပ်စု ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရွာဦးသိမ်စေတီအပျက်အစီးများအား မြို့မိမြို့ဖများစုပေါင်း၍ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိ၊ မြို့ဖများအတွက် အချိုရည်နှင့် ရေသန့်ကတ်များ ပေးအပ်ခဲ့ကာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် ဆူးကုန်းကျောင်းတိုက်ရှိ ဖြိုဖျက်ထားသော အဆောက်အအုံများကို တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ UNITY HEART မှဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအတွက် ဖွင့်လှစ်ထားရှိသော ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၂) ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကာ ငလျင်ဒဏ်ကြောင့် ပြည်သူများ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရမှုများ ရှိခဲ့သောကြောင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ကုစားနိုင်ရေးအတွက် ယခုလိုဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး စိတ်ပညာပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာမြင့်လွင်က ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ကုထုံးဆွေးနွေးမှုများအား ဟောပြောခြင်း၊ ငလျင်ဒဏ်သင့်ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာခံစားချက်နှင့်သက်ဆိုင်သော မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာ၌ G-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အနီးကပ် သင်တန်းလာရောက်သင်ကြားပို့ချပေးခဲ့သော တက္ကသိုလ်ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး သင်ကြားပို့ချပေးခဲ့သော ဆရာ ဆရာမ ၁၄၃ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၁၅၀၀၀၀ အား ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ G-12 စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်မည့် ကျောက်ဆည်မြို့နယ်မှ ရှိရင်းကျောင်းသား ကျောင်းသူ ၁၅၀၃ ဦးရှိသည့်အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၁၃၀၉ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၀၉၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ စဉ့်ကိုင်မြို့နယ်မှ ရှိရင်းကျောင်းသား ကျောင်းသူ ၁၂၅၁ ဦး ရှိသည့်အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၁၂၅၁ ဦး ဖြစ်သည့်အတွက် ၁၀၀ ရာခိုင်နှုန်းအပြည့် ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း၊ မြစ်သားမြို့နယ်မှ ကျောင်းသား ကျောင်းသူ ရှိရင်း ၈၅၄ ဦး အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၈၄၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၇၈ ရာခိုင်နှုန်းအထိ ပြန်လည်ဖြေဆိုကြမည်ဖြစ်ကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း

စာမျက်နှာ ၉ သို့



ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ငလျင်ဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ လှူဒါန်းသော ပစ္စည်း ၁၁ မျိုးအား လက်ခံရယူပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။



# မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် မေ ၈

မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယနေ့မွန်းလွဲပိုင်းတွင် Yoma Group က ငွေကျပ်သိန်း ၁၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

စာမျက်နှာ ၈ မှ

ပြန်လည်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူ ၃၆၀၈ ဦး ရှိသည့်အနက် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအရေအတွက်မှာ ၃၄၀၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၂၆၃ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး တက်ရောက်ရန်ကျန်ရှိသော ကျောင်းသား ကျောင်းသူ ၂၀၇ ဦး ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇၄ ရာခိုင်နှုန်းဖြစ်ပြီး ကျန်ရှိသည့် အဝေးရောက်ကျောင်းသား ကျောင်းသူများအားလည်း စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေးအတွက် ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ Modular House နှစ်လုံး တပ်ဆင်ပြီးစီး၍ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ Modular House ငါးလုံး တည်ဆောက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျ ပြုလုပ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ဆက်လက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရုံးသို့ ကျောက်ဆည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ကျောက်သေတ္တာစေတီ ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်မည့် အခြေအနေများ၊ ဖောင်ရှာကွင်း၌ ယာယီဈေး တည်ဆောက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများ လက်ဝယ်သို့ ရောင်းချပေးနေမှုအခြေအနေများ၊ Modular House များ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်နေမှုအခြေအနေများ၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့အား သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများမှ အတူတကွ ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်သူများဖြစ်ကြောင်း ပြောကြားပြီး ဌာနအသီးသီးမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၈

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၈ ရက်အထိ သေဆုံးသူ ၃၇၉၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၇ ရက် ညနေ ၅ နာရီမှ မေ ၈ ရက်ညနေ ၅ နာရီအတွင်း မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှတစ်ဆင့် Lotus Charity Society ကထောက်ပံ့သည့် ခေါက်ဆွဲခြောက် (အလေးချိန် ၀ ဒသမ၄ တန်)၊ တရုတ် (တိုင်ပေ) အခြေစိုက် ဗုဒ္ဓဘာသာကျူချီပရဟိတဖောင်ဒေးရှင်းက ထောက်ပံ့သည့် ခြင်ထောင်နှင့် အသင့်စားထမင်းဘူး (အလေးချိန် ၀ ဒသမ ၉၄ တန်) နှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE မှ လှူဒါန်းသော ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ ပါဝင်သော ကတ်ထူပုံး ၅၁ ပုံး (အလေးချိန် ၀ ဒသမ ၄၉၄ တန်) ရောက်ရှိခဲ့ပြီး အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ ကျင်းပသွားမည်

ရန်ကုန် မေ ၈

မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို မေ ၁၀ ရက် မှ ၁၂ ရက်အထိ ညနေ ၆ နာရီမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေသွားမည်ဖြစ်သည်။

မေ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအစီအစဉ်ဖြင့်လည်းကောင်း၊ မေ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့်လည်းကောင်း၊ မေ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့်လည်းကောင်း ဖျော်ဖြေသွားမည်ဖြစ်သည်။




မေ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နာမည်ကျော်ရုပ်ရှင်အနုပညာရှင်များ၏ ဇာတ်ဝင်တေးသီချင်းများကိုလည်းကောင်း၊ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်တင်ဆက်သည့် ဒါရိုက်တာ သန်းထိုက်(ရွှေရိပ်)၊ သရုပ်ဆောင် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မင်းတော်ဝင်၊ ခင်ဇာခြည်ကျော်၊ အေးဝတ်ရည်သောင်း၊ မမဆောင်းနှင့် သရုပ်ဆောင်များစွာပါဝင်သော **“အချစ်ဆုံးအပေါင်ဆိုင်”** ဟာသ တစ်ခန်းရပ်ပြဇာတ်ကိုလည်းကောင်း၊ HEY Play Application က စီစဉ်တင်ဆက်သည့် ဒါရိုက်တာ တင်မောင်ဆန်းမင်းဝင်း၏ နက္ခတ်၊ စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ နေဘ်ဖော်အယ်ထား၊ မေပန်းချီ၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာပါဝင်သော **“ပြည်သူ့အချော့တော်”** တေးသရုပ်ဖော်ပြဇာတ်ကိုလည်းကောင်း၊ Bo Bo ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Triple Six ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် ဒါရိုက်တာ စိုးမိုးမင်း၊ သက်ဦးမောင်၊ သရုပ်ဆောင် ကောင်းမြတ်စံ၊ ရှင်မွေလ၊ မင်းဘုန်းမြတ်၊ ချိုးလေး၊ ချိုးစစ်ဟန်တို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **“ငါတို့အားလုံးလူ … အတူတူ”** ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာ ညိုမင်းလွင်၏ ရန်အောင်၊ သားညီ၊ မာန်ဟိန်း၊ စည်သူမောင်၊ မြယာတို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **“ဖုတ်သွင်းရထား”** ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ သရုပ်ဆောင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ ရဲလေးနှင့် သရုပ်ဆောင်များ၊ အကအဖွဲ့များပါဝင်သည့် **“မနက်ဖြန်များ လှပါစေ”** တေးအော်ပရာကိုလည်းကောင်း ဝေဝေဆာဆာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် ဂီတအနုပညာရှင်များဖြစ်သည့် နွဲ့ယဉ်ဝင်း၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ ကိုင်ဇာ၊ စည်သူလွင်၊ ဇော်ပိုင်၊ ဝေလ၊ ပူစူး၊ စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ လွှမ်းပိုင်၊ မေခလာ၊ L ဆိုင်းဇီ၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ မီးနို၊ ဆိုင်စံ၊ ချမ်းမြေ့မောင်ချို၊ အိုင်းရင်းဇင်မာမြင့်တို့၏ သီဆိုဖျော်ဖြေမှုကို ဥက္ကာဦးသာနှင့် Immortal Band တို့ ပေါင်းစပ်အားဖြည့်ထားသည့် ဂီတဖျော်ဖြေပွဲအား တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် နာမည်ကျော် ဇာတ်သဘင်မင်းသား၊ မင်းသမီးများ၏ တေးအော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွားအစီအစဉ်များအပြင် ဆက်ကပ်အဖွဲ့၏ တင်ဆက်မှုများဖြင့် အားဖြည့်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ပဒေသာကပွဲကို အားပေးလိုသူ အနုပညာချစ်ပရိသတ်များ အနေဖြင့် Hot Line နံပါတ်များဖြစ်သော ၀၉-၈၈၀၉၄၂၇၉၂၊ ၀၉-၈၈၀၉၄၂၇၉၃ တို့အား ဆက်သွယ်မေးမြန်း၍ လက်မှတ်များ ဝယ်ယူအားဖြည့်ကူသိလ်ပါဝင်နိုင်ကြောင်း သိရသည်။ FDC

## စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**နိုလမ် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နိုလမ်မြို့တွင် စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို နိုလမ်မြို့




မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုး၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးဌာန၊ နယ်မြေရဲစခန်းနှင့် စည်ပင်သာယာရေးဌာန ပူးပေါင်းအဖွဲ့များက မြို့အတွင်း စက်သုံးဆီရောင်းချနေသော ဆိုင်များအား မီးဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချနေမှု ရှိ၊ မရှိကို တစ်ဆိုင်ချင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စည်းကမ်းချက်များအား အလေးထားလိုက်နာရောင်းချသွားရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**



## အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အခြေခံစားသောက်ကုန်များ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူများ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အခြေခံစားသောက်ကုန်များကို Mobile Lab Van ဖြင့် ရောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်း သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ဈေးကွက်အတွင်းရောင်းချသော စားသောက်ကုန် နမူနာ ငါးမျိုး ကောက်ယူ၍ Mobile Lab Van ဖြင့် ခွင့်မပြုသော တာရှည်ခံဆေးနှင့် ချိုတ်ဆေးများ သုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ထုတ်လုပ်ဖြန့်ဖြူး ရောင်းဝယ်ဖောက်ကားသည့် ဈေးဆိုင်ပိုင်ရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေများအကြောင်း၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကုန်းအညွှန်းဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာတစ်ခု(သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြသော ကုန်ပစ္စည်းများကိုသာ စားသုံးသူများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ရောင်းချဖြန့်ဖြူးရမည်ဖြစ်ကြောင်း အကျယ်တဝင့် အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**နောင်နောင်(ဗိသုနိုးမြေ)**

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။




ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၂မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Isuzu Giga Truck နှစ်စီး၊ Hino Profia Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၃၁၀ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero ယာဉ်တစ်စီးကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ကျော်ထက်မီးပွိုင့်အနီး၌ လိုင်စင်မဲ့ ယာဉ်နှစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၄လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Saw June Eh” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာမြို့ မြဝတီရပ်ကွက်နေ ဂျွန်မိုးသဲ(ခ)ဂျွန်ကြီး အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Pan Ei” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ညောင်သာယာကျေးရွာနေ ပန်းအိခိုင်(ခ)ပန်းအိ အားညနေ ၆ နာရီ၅ မိနစ်တွင်လည်းကောင်း၊ “Eiphu Thein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့နေ ဧဧဖြူး(ခ)ဧဧ အား ညနေ ၆ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြည့် ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅ ဒသမ ၈၀၉၈ တန်၊ သစ်မာ ၂ ဒသမ ၈၇၀၀ တန်၊ အခြား ၅၀ ဒသမ ၄၅၁၄ တန်၊ စုစုပေါင်း ၅၉ ဒသမ ၁၃၁၂ တန်၊ ယာဉ်/ယန္တရား သုံးစီး၊ ပြစ်မှုကျူးလွန်သူ ၁၂ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ခေါင်ခမ်းကျေးရွာအနီးတွင် ၃၃/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်လျက်ရှိ

**စစ်ကိုင်း မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ခေါင်ခမ်းကျေးရွာအနီးတွင် ၃၃/၁၁ ကေဗွီ(၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်လျက်ရှိရာ ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းကြီး ပြီးစီးပါက ဟုမ္မလင်းမြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် ခေါင်ခမ်းကျေးရွာအနီးတွင် ၃၃/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံကို တည်ဆောက်နေခြင်း ဖြစ်သည်။

လက်ရှိတွင် တာဝါပွိုင့်လုပ်ငန်းများဆောင်ရွက်နေပြီး ဓာတ်အားခွဲရုံ အဆောက်အအုံ တည်ဆောက်နေရာ မေ ၇ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဓာတ်အားခွဲရုံတည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟုမ္မလင်းမြို့နယ်၊ နားသကျိုက်ကျေးရွာအနီးရှိ နမ့်ပင ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ၊ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိ၍ Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်၍ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်း ကီလိုဝပ် နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

* — * — * — * — * — *

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန် ခြင်းရက်လုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုးဒယားကြိုးဖြင့် ခြင်းရက်လုပ်နည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးနိုင်မင်းစိုးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင် ကိုယ့်အားကိုယ်ကိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖြစ်သော ယိုးဒယားကြိုးဖြင့် လူသုံးကုန် ခြင်းရက်လုပ်နည်းသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းသူများက သင်တန်းမှရရှိသော အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး မိမိတို့ဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် လက်တွေ့ကျကျအသုံးချပြီး မိသားစုစီးပွားရေးကိုအထောက်အကူပြုစေနိုင်ရန်အတွက် ကြိုးစားသင်ယူကြရန် ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာ(၈)ရွာမှ သင်တန်းသူ ၂၀ဦး တက်ရောက်လျက်ရှိပြီး မေ ၇ရက်မှ ၁၆ရက်အထိ သင်တန်းကာလ ၁၀ရက်အတွင်း ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၄၆၉)



## ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ပုသိမ်ကြီး မေ ၈**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် MINISTRY OF PUBLIC HEALTH THAILAND EMERGENCY MEDICAL TEAM(MERT ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအထောက်အကူပြုအဖွဲ့)တို့ ပူးပေါင်း၍ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မေ ၆ရက် နံနက် ၈နာရီက ကျောက်မီးကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ကျောက်မီးတိုက်နယ်ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် MERT ကယ်ဆယ်ရေးနှင့်ကျန်းမာရေးအထောက်အကူပြုအဖွဲ့တို့မှ ငလျင်ဘေးသင့်သက်ကြီးဘိုးဘွားများနှင့် ကျန်းမာရေးလိုအပ်ချက်ရှိသူများကို သွားနှင့်ခံတွင်း၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး၊ မျက်စိ၊ အရိုးအကြော၊ အရေပြားနှင့် အထွေထွေရောဂါများကို ကုသပေးခဲ့ကြပြီး ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးများခတ်ခြင်း၊ လက်သန့်ဆေးရည်၊ မတ်(စ်)များ ဝေငှပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(၀၅၇)



## ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**မတ္တရာ မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် မတ် ၂၈ရက် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်၊ သေဆုံးမှုနှင့် အဆောက်အအုံ ပျက်စီးမှုများအတွက် အမျိုးသားသဘာဝဘေးကော်မတီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ထောက်ပံ့သော ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်းကို မေ ၇ရက် နံနက် ၉နာရီက မတ္တရာမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ထိုသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာတွင် သေဆုံးသူ ၁၄ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၈သိန်းနှုန်းဖြင့် သေဆုံးသူများ၏ ကျန်ရစ်သူ မိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၆ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခြင်း၊ နေအိမ်ထိခိုက်ပျက်စီးသွားသည့် အိမ်ထောင်စု ၁၇၂ စုအတွက် အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၅၀၀၀၀နှုန်း၊ မိုးကာ၊ စောင်၊ ခြင်ထောင်၊ အနွေးထည်နှင့် စည်သွပ်ဘူးတို့အား ခေတ္တမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဆောင်ရွက်မည့်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**မန္တလေး မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်နှင့်အဖွဲ့၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မေ ၇ ရက်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း ဆောင်ရွက်မည့် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်စံပြကျေးရွာနှင့် ကျောက်ဆည်မြို့နယ် ဒါန်းကျေးရွာတို့အား ကွင်းဆင်း၍ သင်တန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့သည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် အဖွဲ့သည် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေသော ကျောက်ဆည်မြို့နယ်၊ ဖောင်ရွာရပ်ကွက်ရှိ ရတနာသိမ်ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ၍ ဝန်ထမ်းများနှင့်တွေ့ဆုံမှာကြားခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် တောင်တွင်းကြီးမြို့ ယင်းမလည်ချောင်း မြေအောက်တမံ (၁)၊ (၂) တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး



**တောင်တွင်းကြီး မေ ၈**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် သီရိပျံချီ ဦးတင့်လွင်သည် မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ်၊ ယင်းမလည်ချောင်း မြေအောက်တမံ (၁)၊ (၂) တည်ဆောက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် တောင်တွင်းကြီးမြို့နယ်၊ ပွင့်လှလေးကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးခဲ့သည့် အလျား ၇၅ ပေ၊ အနက် ပေ၂၀၊ ရေသိုလှောင်ထားရှိနိုင်မှုပမာဏ ဂါလန် ၁၂ သန်းခန့်ရှိသည့် ယင်းမလည်မြေအောက်တမံ (၂)အား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မြေအောက်တမံတည်ဆောက်ခြင်းဖြင့် ကျေးရွာနှစ်ရွာမှ အိမ်ထောင်စု ၄၂၅ စု၊ လူဦးရေ ၁၇၃၇ ဦး အတွက် စိုက်ပျိုးရေးလုပ်ငန်းများ များစွာ အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်စဉ်ကုန်းကျေးရွာအနီးတွင် ဧပြီ ၂၉ ရက်က စတင်တည်ဆောက်လျက်ရှိသည့် အလျား ပေ ၁၀၀၊ အနက် ပေ ၂၀၊ ရေသိုလှောင်နိုင်မှုပမာဏ ဂါလန် ၁၅ သန်းခန့် ရှိသည့် မြေအောက်တမံ (၁)သို့ ရောက်ရှိပြီး မြေအောက်တမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဒေသခံပြည်သူများက တင်ပြခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင် (မိဿနီးမြေ)**

*-*-*-*-*-*



## လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ် (၆/၂၀၂၅)သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနနှင့် သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ ပူးပေါင်းကျင်းပသည့် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၆/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၅ရက် နံနက်ပိုင်းက သုခစိုးဟိုတယ်၌ကျင်းပရာ ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက စိုက်ပျိုးထွက်ကုန်များ အထွက်နှုန်းတိုးတက်ရေးကို ဟန့်တားစေသော ဖျက်ပိုးမွှားများကို ကာကွယ်နှိမ်နင်းရာမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများ၏ တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ မဖြစ်မနေသုံးစွဲရမည့် ပိုးသတ်ဆေးများသည်လည်း အရေးကြီးသော သွင်းအားစုတစ်ရပ်ဖြစ်ပြီး ယင်းကဲ့သို့ ပိုးသတ်ဆေးများသည် အခြားသွင်းအားစုများနှင့် မတူဘဲ လူနှင့် ပတ်ဝန်းကျင်ကို အဆိပ်သင့်စေနိုင်သဖြင့် ကိုင်တွယ်၊ ရောင်းဝယ်ဖောက်ကားသည့်အခါတွင် ဥပဒေနှင့်အညီ လိုက်နာပြီး စနစ်တကျ သုံးစွဲစေလိုကြောင်း၊ ပိုးသတ်ဆေးကို အမြဲထိတွေ့ကိုင်တွယ်နေရသော တောင်သူများ၊ ပိုးသတ်ဆေးရောင်းချသူများ၊ ပိုးသတ်ဆေးကုမ္ပဏီမှ ဝန်ထမ်းများအား ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာအသုံးချနိုင်ရေးနှင့် ပိုးသတ်ဆေးဥပဒေနှင့်အညီ ရောင်းချနိုင်စေရေးတို့အတွက် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အချက်အလက်များအား ရှင်းလင်းပြောကြား ဆွေးနွေးသည်။

အဆိုပါလက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ်(၆/၂၀၂၅)သင်တန်းကို မေ ၅ ရက်မှ ၇ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ဇေယျာသီရိ မေ ၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေထက်အောင်က ဇေယျာသီရိမြို့နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နှစ်စဉ် စီမံကိန်းတွင် ဂျီဒီပီတိုးတက်မှုနှုန်းကို ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါကြောင်း၊ အဆိုပါ ရည်မှန်းချက်ပြည့်မီစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတွင်းထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ဒေသတွင်း ထုတ်လုပ်မှုတိုးတက်မှ စားရေရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပြီး ပြည်တွင်းစားသုံးမှု ဖူလုံစေမှာဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ကုန်ပစ္စည်းများကို တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို အလေးပေးဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ယခင်နှစ်များ၏ အခက်အခဲများနှင့် အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ဒေသအတွင်း လျှင်လျှင်မြန်မြန် တိုးတက်မှု ရရှိစေရန် အလားအလာရှိသော MSME လုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်မည့် ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကိုလည်း တွန်းအားပေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဇေယျာသီရိမြို့နယ် စီမံကိန်းဦးစီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နန္ဒက နှစ်စဉ် စီမံကိန်းရည်မှန်းချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပြီး ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် တာဝန်ရှိသူများက နှစ်စဉ် စီမံကိန်းရည်မှန်းချက်များဖြစ်သည့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သက်ဆိုင်သည့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)လျှော့ချသုံးစွဲရေး၊ သတင်းစာစက္ကူအိတ်များ ဖြန့်ဝေ

**ကန့်ဘလူ မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ရှိ ကန့်ဘလူမြို့မဈေး၌ ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲနိုင်ရေးအတွက် ဈေးရောင်းချနေသူများအား သတင်းစာစက္ကူအိတ်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံ ဦးညီညီစိုး ဦးဆောင်၍ ဝန်ထမ်းများနှင့် မြို့မဈေးတာဝန်ရှိသူများက ဈေးရောင်းချနေသူများအား ကြွပ်အိတ် လျှော့ချသုံးစွဲရေးအတွက် သတင်းစာစက္ကူအိတ်များ ဖြန့်ဝေပေးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းသိမ်းကာကွယ်ရန်၊ သက်ရှိများ၏ ဂေဟစနစ်များနှင့် လူတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် လူတစ်ဦးချင်းအနေဖြင့် ကြွပ်ကြွပ်အိတ်(ပလတ်စတစ်) အသုံးပြုစွန့်ပစ်မှုများကို လျှော့ချခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ကြွပ်



ကြွပ်အိတ်သုံးစွဲမှုအစား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ထုပ်ပိုးပစ္စည်းများကို ပြောင်းလဲသုံးစွဲကြရန် အသိပညာပေးဆွေးနွေးပြောကြားကြသည်။

ထို့ပြင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြွပ်ကြွပ်အိတ်သုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်လာသည့် ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (OraVacs) ကာကွယ်ဆေးကို ဌာနဆိုင်ရာဝန်ထမ်းများအား တိုက်ကျွေး

**မြစ်သား မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ဟန့်တားကာကွယ်ဆေးတိုက်ကျွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကိုနှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်ကာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (OraVacs) ကာကွယ်ဆေးကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် မေ ၇ ရက် နံနက် ၉ နာရီက တိုက်ကျွေးခဲ့သည်။

ကာကွယ်ဆေးတိုက်ကျွေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်း ၃၀၀ ဦးကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (OraVacs) ကာကွယ်ဆေးတိုက်ကျွေးပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



(ဝဲပုံ)
ဝါဝါမြင့်(မြစ်သား)



# နွေစပါး ဧက ၂၇၀ ကျော် စိုက်ပျိုးနိုင်ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

**ကျွန်းလှ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဒေသတွင်းဆန် စားသုံးမှုဖူလုံစေရန်၊ ပြည်ပသို့တင်ပို့နိုင်ရန်အတွက် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် နွေစပါး ဧက ၂၇၀ ကျော် စိုက်ပျိုးနိုင်ပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ နွေစပါးစိုက်ပျိုးဖို့ ၁၆၆ ဧက လျာထားပြီး ၂၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားချက်ထက် ဧက ၁၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တိုး၍စိုက်ပျိုးနိုင်ပါတယ်။ အခုအခါ စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်ရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျ အချိန်ကိုက်သုံးစွဲရေး၊ သမန်းနှိုး ပေါင်းထိုးခြင်း ဆောင်ရွက်ရေး၊ ရေသွင်း၊ ရေထုတ်စနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး စသည့် စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်း အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် နွေစပါးကို ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေ၊ တမံရေသွယ်စနစ်နှင့် သဖန်းဆိပ်ဆည်ရေကျနေရာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။ (အပေါ်ပုံ) (၄၈၀)

# အသက်နှစ်လမှ(၅၉)လအရွယ် ကလေးငယ်များအားလုံးကို ပိုလီယိုရောဂါကာကွယ်ဆေး (ဒုတိယအကြိမ်)တိုက်ကျွေး

**ကျောက်ပန်းတောင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် အသက်နှစ်လမှ (၅၉)လအရွယ်ရှိ ကလေးငယ်များအားလုံးကို ပိုလီယိုရောဂါ ကာကွယ်ဆေး (အစက်ချဆေး)ကို မြို့ပေါ်ရပ်ကွက်များအလိုက် လှည့်လည်တိုက်ကျွေးပေးလျက်ရှိရာ မေ ၇ ရက် နံနက် ၉ နာရီက လွတ်လပ်ရေးရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် တိုက်ကျွေးပေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်အတွင်းရှိ အသက်နှစ်လမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး(အစက်ချဆေး)ကို အရိုန်အဟုန်မြင့်လှည့်လည်တိုက်ကျွေးပေးလျက်ရှိရာ ယခုအကြိမ်သည် ဒုတိယအကြိမ်တိုက်ကျွေးခြင်းဖြစ်ကြောင်းသိရပြီး ပထမအကြိမ်ကို ၂၀၂၅ခုနှစ် မတ်လတွင် တိုက်ကျွေးပြီးစီးခဲ့ကြောင်း သိရသည်။ ယခု ဒုတိယအကြိမ်တိုက်ကျွေးခြင်းကို တစ်ရက်လျှင် (၂)ရပ်ကွက် လှည့်လည်၍ ရပ်ကွက်မှော်ရုံများ၊ အုပ်ချုပ်ရေးမှူးရုံးများတွင် စုရပ်ထားတိုက်ကျွေးပေးလျက်ရှိရာ ကလေးငယ်များ ရောဂါကင်းဝေးစေရေးအတွက် ကာကွယ်ဆေး အကြိမ်ပြည့် တိုက်ကျွေးနိုင်ရေးကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၅၆)



# မုံရွာမြို့နယ်တွင် နွေနှမ်း ၄၂၁ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်တွင် နွေနှမ်း၄၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မုံရွာမြို့နယ်အတွင်း နှမ်းစိုက်ဧကများ နှမ်းသီးနှံအထွက်နှုန်းနည်းပါးသည့်အတွက် နှမ်းသီးနှံများ သတ်မှတ်လျာထားသည့်အထွက်နှုန်းများရရှိစေရန် နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံပြီး နှမ်းစိုက်တောင်သူများ နှမ်းသီးနှံစိုက်ပျိုးရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များ၊ အရင်းအနှီးလိုအပ်ချက်များ၊ သွင်းအားစု၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေး၊ မြေပြုပြင်ရန်လိုအပ်မှုအခြေအနေများနှင့် ပိုးမွှားအန္တရာယ်နှိမ်နင်းနိုင်ရန် ကာကွယ်ဆေးများ စသည့်လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ဆီထွက်သီးနှံဖြစ်သည့် နှမ်းသီးနှံကို ဆည်ရေကန်ရေတို့ဖြင့် စိုက်ပျိုးဧက ၄၈၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့ပြီး ဖေဖော်ဝါရီ ဒုတိယပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ သတ်မှတ်လျာထားပြီး စိုက်ပျိုးခဲ့ရာ မုံရွာမြို့နယ်တွင် ဆည်ရေကန်ရေများအပြင် စက်ရေတွင်းများတွင် နွေနှမ်းစိုက်ဧက ယနေ့အချိန်အထိ ၄၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနမှ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ရေး အလေးထား ကွင်းဆင်း အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၄)

# ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ဈေးကွက် စောင့်ကြည့်စစ်ဆေး

**မန္တလေး မေ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနသည်အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့်ထုတ်ကုန်များတွင် သတ်မှတ်ကုန်ပစ္စည်းအညွှန်းများပါရှိရေး၊ ဈေးနှုန်းမှန်ကန်စွာရောင်းချစေရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေးအတွက် မေ ၇ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ မြင်းခြံမြို့နယ်ရှိ ပဲကြော်လုပ်ငန်း၊ ပဲချောင်းလုပ်ငန်း၊ ပေါင်မုန့်၊ ကိတ်မုန့်လုပ်ငန်း၊ အကြော်စုံလုပ်ငန်း၊ ကြက်သွန်ပေါင်းကြော်လုပ်ငန်းများအား ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ) (၀၄၅)





**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ ။**




# မြို့တွင်းလမ်းများပေါ်တွင် ရေဝပ်ရေလျှံမှုများ လျော့နည်းစေရေးအတွက် မိုးရေစုပ်ထုတ်ရန် မြေအောက်ပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်

**မန္တလေး မေ ၈**

မကြာမီ မိုးရာသီရောက်ရှိတော့မည်ဖြစ်၍ မြို့တွင်းလမ်းများပေါ်တွင် ရေဝပ်ရေလျှံမှုများ လျော့နည်းစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ မိုးရေစုပ်ထုတ်ရန် ပျက်စီးမှုရှိသည့် မြေအောက်ပိုက်လိုင်းများကို ပြုပြင်ဆောင်ရွက်နေကြောင်း သိရသည်။ **(အောက်ပုံ)**

"အဓိက ကတော့ မိုးတွင်းပေါ့။ လျှောင်လှုပ်လိုက်တော့ မြေလွှာကြောတွေ တွန့်ပြီး အမှတ်(၅) မိုးရေစုပ်ထုတ်စက်ရုံနားက မြေအောက်ပိုက်လိုင်းမှာ ပိုက်ဆက်တွေ ပြုတ်ထွက်တာရှိလို့ ပြင်ဆင်နေပါတယ်။ မိုးရေကို စက်ရုံတွေက စုပ်ယူပြီး ဧရာဝတီမြစ်ထဲကို စွန့်ထုတ်နေတာ နောက် ၃ ရက်လောက်ဆို ပြီးပါပြီ" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မေ ၆ ရက်ကစတင်ပြီး ၂၆ လမ်း၊ သင်္ဂဇာချောင်းဘေးရှိ မြေအောက်မှ သွယ်တန်းထားသော ပိုက်လိုင်းမှာ လျှောင်ဒဏ်ကြောင့် ပိုက်ဆက်များ ပြုတ်ထွက်သွားသဖြင့် စက်ယန္တရားနှင့် လူအင်အားသုံး၍ ပြင်ဆင်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

"ဌာနအနေနဲ့ လျှောင်ဒဏ်ကြောင့် မြို့နေလူထုသောက်သုံးရေ ရရှိရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ အခုလည်း မိုးရာသီရောက်တော့မှာဖြစ်လို့ လမ်းပေါ် ရေမတင်အောင် စွန့်ထုတ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



မိုးရေစုပ်ထုတ်သည့် အမှတ်(၅)စက်ရုံတွင် မိုးရေစွန့်ထုတ်စက် နှစ်လုံးရှိရာ စက်တစ်လုံးကို အရန်အဖြစ်ထားရှိပြီး လိုအပ်မှ လည်ပတ်ခြင်းဖြစ်ကြောင်း၊ မန္တလေး(၆)မြို့နယ်တွင် အဆိုပါကဲ့သို့သော စက်ရုံ(၈)ရုံအပြင် စက်ရုံငယ်များလည်းရှိကာ မိုးရေစွန့်ထုတ်မှုများ ဆောင်ရွက်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဒုတိယအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်

**မန္တလေး မေ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း ဒုတိယအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို မေ ၇ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရုံးတွင် ကျင်းပသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

ဒုတိယအကြိမ် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် ၄၃၀ စည်း၊ ချဉ်ပေါင်ရွက် ၁၅၅ စည်း၊ ခွေးတောက်ရွက် ၃၀ထုပ်(တစ်ဆယ်ကျပ်သားထုပ်)၊ ဘူးသီး ၈၁လုံး၊ ၄က်ပျောသီး ၁၀ဖီးတို့ကို သန့်ရှင်းရေးဌာန၊ (မဟာအောင်မြေမြို့နယ်ရုံး) ၂၁၈ ဦး၊ သန့်ရှင်းရေးဌာန(ချမ်းမြသာစည်မြို့နယ်ရုံး) ၁၅၈ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၃၀ ဦးတို့အတွက် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ကဆုန်လရာသီ

\---------------

* လကဆုန် တိမ်ဖွေမှာ ရောင်ခြည်ရွှန်းနှင့်
မည်ရနက္ခတ် ညွှန်းပါသည်
ဤလတွင် မုနိဘဂဝါ
ပေါ်ထွန်းလာ မြတ်ရာသီမို့
သွန်းညောင်ရေ ပလ္လင်ရင်းမှာလ
ကျင်းခါညီ လပြည့်ဆီဝယ်
ရည်စူးရွယ် သန့်စင်တယ်နေ့တဲ့လေး။

* ပန်းစကားဝါ
ပွင့်ခါညီ လှိုင်လှိုင်လန်းပါဘိ
စန်းရှင်ထွန်းတဲ့ ခါရာသီဝယ်
ပြိုသာနွယ် ဝိသာခါပြွန်းပါတဲ့
သွန်းရွာချ ညီပါသည်
လရာသီ အစတွင်ပ
ဝသန်မိုးက ဖြိုးတယ်တဲ့လေး။

* ရာသီရုပ်မွှားနှင့်
ရာဂုဓာတ် လာပါသည်
ကောင်းမြတ်ကြည် လကဆုန်ဝယ်
လေအဟုန် သုန်သုန်မြူးပါရ
ထူးမြတ်သည့် မြန်မာလရယ်နဲ့
သာသနာ ရောင်ဝါထွန်း
ညွှန်းကြရ လရယ်တဲ့လေး။ ။

**အိုးဝေ(မြေနီကျင်း)**




# စာပေချစ်မြတ်နိုးသူများအသင်း (Book Club)ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**ပုံပါကျင် မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပုံပါကျင်မြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် စာဖတ်ဝိုင်းမှတစ်ဆင့် ဘဝအထောက်အပံ့ဖြစ်စေမည့် အတွေးအခေါ်ကောင်းများ ရရှိရန်ရည်ရွယ်၍ စာရေးဆရာ မောင်မင်းစိုး ရေးသားသည့် "လူငယ်နှင့်စရိုက်ဆိုး (ဘဝနေနည်းလမ်းညွှန်)" စာအုပ်ကို ယမန်နေ့ နံနက် ၁၀နာရီက ပုံပါကျင်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပသည်။



ဖွင့်ချိန်ကျင်းပ ... ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိဖြိုးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ(Book Club)ဥက္ကဋ္ဌ ဦးထွန်းလင်းက "လူငယ်နှင့်ကျင့်ဝတ်များ" အကြောင်း ဦးစွာဖတ်ကြား ဆွေးနွေးခဲ့ပြီး (Book Club) အဖွဲ့ဝင်များက "လူငယ်နှင့်စည်းကမ်း"၊ "လူငယ်နှင့်စည်း" စသည့် ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ယနေ့ခေတ်လူငယ်များအတွက် စာဖတ်သည့်အလေ့အထကောင်းများရရှိစေရန် စာအုပ်၊ စာပေဝါသနာရှင်များအားစုစည်း၍ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းကို ဖွဲ့စည်းကာ စာဖတ်ဝိုင်းများ ကျင်းပလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# လျှော့ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်နှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုထောက်ပံ့ငွေဆိုင်ရာ ကြေညာချက်ထုတ်ပြန်

နေပြည်တော်  မေ ၈

ငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% လျှောက်ထားခြင်းလုပ်ငန်းအစီအစဉ်နှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ ပုံစံ(၂၅/၂၆)တို့အား ကြေညာအပ်ပါသည်။

## ငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ % လျှောက်ထားခြင်းလုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ်(SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁ | မန္တလေးငလျင်ဘေးဒဏ်သင့် ဒေသများ သတ်မှတ်ခြင်း | မန္တလေးငလျင်ဘေးဒဏ်သင့်ဒေသများအဖြစ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ကို သတ်မှတ်ခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ |
| ၂ | အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း | - "သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀%" နှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာကိုထုတ်ပြန်ခြင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးချိန်မှစ၍ ၃ လအတွင်း အကျိုးခံစားခွင့် လျှောက်ထားခြင်း၊<br>- (၃) လကျော်လွန်သွားသော လျှောက်လွှာများအား အရေးယူဆောင်ရွက်မှုမပြုခြင်း။ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရှင်၊ အကျုံးဝင်သော အာမခံအလုပ်သမား |
| ၃ | အလုပ်ရှင်၊ အလုပ်ဌာနများမှ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ အကျုံးဝင်သော အာမခံအလုပ်သမားများအတွက် သတ်မှတ် စာရွက်စာတမ်းများ ပြုစုပေးပို့တင်ပြခြင်း | - အလုပ်ရှင်များအနေဖြင့် မိမိတို့၏အလုပ်ဌာနတွင် မှတ်ပုံတင်ပြီး အာမခံအမှတ် (SSN-Social Security Number) ရရှိထားသည့် လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော အာမခံထားသူများအနက်မှ ၂/၂၀၂၅ လအတွက် ထည့်ဝင်ကြေး ပေးဆောင်ထားပြီး မန္တလေးငလျင်ဘေးဒဏ်သင့်ခဲ့သော အာမခံအလုပ်သမားများသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% ကို လျှောက်ထားနိုင်ခြင်း၊ အကျိုးခံစားခွင့် ၄၀% တွက်ချက်ရာတွင် သင်/အာမခံအလုပ်သမားသည် လစာဝင်ငွေ ကျပ် ၁၄၄၀၀၀ ရရှိပါက အကျိုးခံစားခွင့် ထောက်ပံ့ငွေ ၄၀% ကျပ် ၅၇၆၀၀/-ရရှိပါမည်။<br>- အလုပ်ရှင်သည် မိသားစုထောက်ပံ့အကျိုးခံစားခွင့် ၄၀% အကျုံးဝင်သည့် အာမခံအလုပ်သမား အမည်စာရင်းကို အောက်ပါ စာရွက်စာတမ်းများနှင့်အတူပြုစု၍ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ တင်ပြခြင်း-<br>(က) အလုပ်သမားတစ်ဦးချင်းစီအတွက် "သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းခံလွှာ" ပုံစံ(၂၅/၂၆) (ပူးတွဲပါပုံစံ)တွင် အချက်အလက် ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန်၊<br>(ခ) ၂/၂၀၂၅ လ ထည့်ဝင်ကြေး Excel File ပူးတွဲတင်ပြရန်၊<br>(ဂ) အာမခံအလုပ်သမား၏ ပိုင်ဆိုင်ပစ္စည်းထိခိုက်ပျက်စီးမှုအခြေအနေ ဓာတ်ပုံမှတ်တမ်း (၄) ပုံ ပူးတွဲတင်ပြရန်၊<br>(ဃ) မိမိပိုင်ပစ္စည်းဥစ္စာဆုံးရှုံးသွားကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပူးတွဲရန်၊<br>(င) အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော အိမ်ထောင်စုစာရင်း မိတ္တူပူးတွဲရန်၊ | အလုပ်ရှင်၊ အကျုံးဝင်သော အာမခံအလုပ်သမား<br><br>အလုပ်ရှင်များ၊ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများ |
| ၄ | သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေး ရုံးများမှ စိစစ်ခြင်းနှင့်လူမှုဖူလုံ ရေးအဖွဲ့(ရုံးချုပ်)သို့တင်ပြခြင်း | - သံသယရှိသော လျှောက်လွှာများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် အလုပ်ရှင်များမှ တင်ပြလာသည့် မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% အကျုံးဝင်သူ အာမခံအလုပ်သမားများ၏ လျှောက်လွှာများကို စာရွက်စာတမ်းပြည့်စုံမှု၊ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊<br>- ၂/၂၀၂၅ လအတွက် ထည့်ဝင်ကြေးပေးသွင်းပြီးသူများ ဟုတ်/မဟုတ်ကို မြို့နယ်ရုံးများရှိ Contribution Excel File ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊<br>- အလုပ်ရှင်များမှ တင်ပြချက် မှန်ကန်မှုမရှိပါက လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)သို့ အစီရင်ခံတင်ပြခြင်းနှင့်အတူ ၎င်းလျှောက်လွှာများအား ပယ်ဖျက်ခြင်း၊<br>- ပြီးပြည့်စုံစွာ စစ်ဆေးပြီးသည့် ငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားစာရင်းအား "သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းခံလွှာ"ပုံစံ (၂၅/၂၆) များ၊ပိုင်ဆိုင်ပစ္စည်းထိခိုက်ပျက်စီးမှုအခြေအနေ ဓာတ်ပုံမှတ်တမ်း (၄)ပုံ၊ အိမ်ထောင်စုစာရင်းတို့နှင့်အတူ နည်းဥပဒေ ၁၃၈ (က) နှင့်အညီ မြို့နယ်လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ၏ သဘောထားမှတ်ချက်၊ ၂/၂၀၂၅ လ ထည့်ဝင်ကြေး Excel File ပူးတွဲ၍ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)သို့ တင်ပြခြင်း။ | မြို့နယ်လူမှုဖူလုံရေးရုံးများ၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) |
| ၅ | လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ အလုပ်သမား ဝန်ကြီးဌာနသို့ တင်ပြခြင်း | - လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)သည် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ တင်ပြသော အကျုံးဝင်သည့် အလုပ်သမားအမည်စာရင်းနှင့် ထောက်ပံ့မည့် ငွေပမာဏကို သဘာဝဘေးအန္တရာယ်ထောက်ပံ့မှုစိစစ်ရေးဘုတ်အဖွဲ့ဖြင့် စိစစ်ပြီးပါက အလုပ်သမားဝန်ကြီးဌာနသို့ ထောက်ပံ့ငွေ ထုတ်ယူခွင့်တင်ပြခြင်း၊ | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) |
| ၆ | အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ခြင်း | - လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ တင်ပြလာသော အကျုံးဝင်သည့် အလုပ်သမားများ စာရင်းနှင့် ခွင့်ပြုငွေပမာဏကို စိစစ်၍ ထောက်ပံ့ငွေ ထုတ်ယူခွင့်ပြုခြင်း၊ | အလုပ်သမားဝန်ကြီးဌာန |
| ၇ | လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ မြို့နယ် လူမှုဖူလုံရေးရုံးများသို့ ထောက်ပံ့ငွေထုတ်ပေးခြင်း | - အလုပ်သမားဝန်ကြီးဌာနမှ ထောက်ပံ့ငွေထုတ်ယူခွင့်ပြုပါက နည်းဥပဒေ ၁၃၈(ခ)နှင့်အညီ ညွှန်ကြားရေးမှူးချုပ်သည် ငွေစာရင်းခေါင်းစဉ် "သဘာဝဘေးအန္တရာယ်အတွက် ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် သ-၀၂၉-၂။ (၂)"မှ ထောက်ပံ့ရမည့် ငွေပမာဏအား သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးငွေစာရင်းသို့ ခွင့်ပြု အမိန့်ထုတ်ပြန်ပေးခြင်း၊ | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) |
| ၈ | မြို့နယ် လူမှုဖူလုံရေးရုံးများမှ အလုပ်ရှင်/ အလုပ်ဌာနများသို့ ထောက်ပံ့ငွေထုတ်ပေးခြင်း | - သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများမှ သက်ဆိုင်ရာလုပ်ငန်းဌာနရှိ အလုပ်သမားများသို့ ၄၀% ထောက်ပံ့ငွေအား online payment များဖြစ်သော KBZ Pay, AYA Pay, Wave Pay, UAB Pay, Mytel Pay စသည်ဖြင့် မိမိတို့ အဆိုပြုထားသည့် online payment များမှထုတ်ယူခြင်း သို့မဟုတ် ကာယကံရှင်ကိုယ်တိုင်လာရောက်ထုတ်ယူခြင်း၊ အကျိုးခံစားခွင့်ငွေထုတ်ပေးပြီးကြောင်း မှတ်တမ်းဓာတ်ပုံရယူခြင်း၊ ငွေလွှဲအထောက်အထားများရယူခြင်း၊ | မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်ရှင်၊ အလုပ်သမား |

စာမျက်နှာ ၁၇ သို့

# အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၈,၃၉၂ ဧကရှိသော နယ်မြေကို "အောင်နိမိတ် ဒီရေတော ကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၄)ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတော ဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝအစိမ်းရောင်တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့စေရေးကို အထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ပုစွန်၊ ကဏန်းစသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေ ဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတော ဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတော ကြိုးဝိုင်း / ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်း သတ်မှတ်ခြင်းဖြစ်ပါသည်။

အောင်နိမိတ် ဒီရေတောကြိုးပြင် ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒီရေတောသစ်မျိုးများဖြစ်သည့် သမဲ့၊ လမု၊ သရော၊ ကန့်ပလာ၊ သခွတ်၊ ရေခရားသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါးမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံတို့၏ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဘုတ်၊ ဒင်ကြီးငှက်၊ ဗျိုင်း၊ ငှက်ကြား၊ ခရုစုတ်ငှက်၊ ဘီလုံးငှက်၊ စင်ရော်ငှက်စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၆ မှ*

| စဉ် | စံပြုလုပ်ငန်းစဉ်(SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | | - အကျိုးခံစားခွင့် လာရောက်ထုတ်ယူခြင်းမရှိသည့် အလုပ်ရှင်၊ အလုပ်သမားများ၏ ထောက်ပံ့ငွေများကို မြို့နယ်လူမှုဖူလုံရေးရုံးအနေဖြင့် ငွေစာရင်းခေါင်းစဉ် "မိသားစုထောက်ပံ့မှုရန်ပုံငွေ၊ အထွေထွေရငွေ၊ အကျိုးခံစားခွင့်ပြန်ရငွေ ၈-၂။ (၁) (၁၉)၅။" သို့ ပြန်လည်ပေးသွင်းခြင်း၊ | |
| ၉ | အလုပ်ရှင်မှ အကျိုးခံစားခွင့်ရှိသော အလုပ်သမားများထံသို့ ငွေထုတ်ပေးခြင်း | - လူမှုဖူလုံရေးဥပဒေနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့သည် အလုပ်သမားမှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ အမှန်တကယ်ရှိသည့် အလုပ်သမားဦးရေအတိုင်း ထည့်ဝင်ကြေးပေးသွင်းမှုမရှိခြင်း၊ လုပ်ခလစာလျော့နည်းပေးသွင်းခြင်းများကြောင့် အကျိုးခံစားခွင့်မရရှိခြင်း၊ လျော့နည်းရရှိခြင်းများဖြစ်ပေါ်ပါက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၉ နှင့်အညီ အလုပ်ရှင်များမှ လူမှုဖူလုံရေးအဖွဲ့ ကိုယ်စား ထောက်ပံ့ခြင်း၊ | သက်ဆိုင်ရာအလုပ်ဌာနများ |
| ၁၀ | အကျိုးခံစားခွင့်များ အလွဲသုံးစားမှု မရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း | - သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀% ခွင့်ပြုထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးရေး အထူးအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ |

**မှတ်ချက်။** (၁) အလုပ်ရှင်များအနေဖြင့် အကျိုးခံစားခွင့်လျှောက်ထားရန်အခက်အခဲရှိပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ဆက်သွယ်ရန်၊

(၂) သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) တယ်လီဖုန်း အမှတ်- ၀၆၇-၃၄၁၇-၁၅၁၊ ၀၆၇-၃၄၁၇-၉၁၂၊ ၀၆၇-၃၄၁၇-၉၂၅ သို့ ဆက်သွယ်ရန်၊

## "သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ငွေ" တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ

လူမှုဖူလုံရေးအဖွဲ့ ပုံစံ (၂၅/၂၆)

"သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေ" တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ

၁။ တောင်းဆိုသူအမည် ------------------------------

၂။ လူမှုဖူလုံရေးအာမခံစီစစ်ရေးအမှတ် ------------------------------

၃။ အလုပ်အကိုင်/ရာထူး ------------------------------

၄။ လူမှုဖူလုံရေးတွင်စတင်အကျုံးဝင်သည့်နေ့ (   ) ရက် (   ) လ (   )ခုနှစ်။

၅။ လွန်ခဲ့သောတစ်နှစ်အတွင်းတစ်လပျမ်းမျှဝင်ငွေ ------------------------------

၆။ ၂/၂၀၂၅ လအတွက် အလုပ်သမားထည့်ဝင်ကြေး ၂ % ပေးသွင်းထားသည့်ငွေ ----------

၇။ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုအခြေအနေနှင့် ဥစ္စာပစ္စည်းဆုံးရှုံးမှု------------------------------

------------------------------

၈။ နေရပ်လိပ်စာ ------------------------------

၉။ အကျိုးခံစားခွင့်ထုတ်ယူလိုသောနည်းလမ်း(online payment/လူကိုယ်တိုင်)---------------

၁၀။ online payment ဖြင့်ထုတ်ယူလိုပါက Accountအမည်နှင့် phone နံပါတ်------------------------------

ရက်စွဲ။ ------------------------------ ။ တောင်းခံသူလက်မှတ် ------------------------------

------------------------------

### အလုပ်ရှင်မှ ဖြည့်စွက်ရန်

အလုပ်ဌာနမှတ်ပုံတင်အမှတ် ------------------------------

အလုပ်ဌာနအမည်နှင့်လိပ်စာ ------------------------------

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ကြေးတောင်းဆိုသူ ဦး/ဒေါ် ------------------------------ သည် ကျွန်ုပ်၏ အလုပ်သမားမှန်ကန်ပြီး လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းပြီးသည့်လပေါင်း (   ) ဖြစ်၍ လွန်ခဲ့သောတစ်နှစ်အတွင်း ဦး/ဒေါ် ------------------------------ ၏ တစ်လပျမ်းမျှဝင်ငွေမှာ ------------------------------ ဖြစ်ပါသည်၊

မှတ်ချက်။ ------------------------------

အလုပ်ဌာနတံဆိပ် အလုပ်ရှင်(သို့မဟုတ်)အလုပ်ဌာနတာဝန်ခံလက်မှတ်

------------------------------

လူမှုဖူလုံရေးရုံးမှဖြည့်စွက်ရန်

(က) ထည့်ဝင်ကြေး ပေးသွင်းပြီးသည့်လပေါင်း (   )

(ခ) ပျမ်းမျှ တစ်လလုပ်ခဝင်ငွေ (   )

(ဂ) အကျုံးဝင်အာမခံအလုပ်သမားအား ထောက်ပံ့ရမည့်ငွေ ၄၀% (   )

တာဝန်ခံအရာရှိလက်မှတ်

# ထရမ့်၏ ချေးငွေနှုန်းထားလျှော့ချရန် တောင်းဆိုမှုများကို လျစ်လျူရှုကာ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းများ မပြောင်းလဲဘဲထားရှိ

**ဝါရှင်တန် မေ ၈**

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်သည် အတိုးနှုန်းများကို မပြောင်းလဲဘဲ ထားရှိခဲ့ပြီး သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ချေးငွေနှုန်းများ လျှော့ချရန် တောင်းဆိုမှုများကို လျစ်လျူရှုကာ အလုပ်လက်မဲ့နှုန်း မြင့်တက်လာနိုင်ခြေနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာနိုင်ခြေတို့ ပိုမိုမြင့်မားလာသည်ဟု ဘဏ်ဥက္ကဋ္ဌ ပိုဝဲလ်က ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဗဟိုဘဏ်အနေဖြင့် အခြေခံအတိုးနှုန်းကို ၄ ဒသမ ၂၅ ရာခိုင်နှုန်းမှ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ထိန်းသိမ်းထားခဲ့ပြီး ယခုအချိန်သည် ပြီးခဲ့သည့်နှစ်ကုန်တွင် အတိုးနှုန်းကို သုံးကြိမ်ဆက်တိုက် လျှော့ချပြီးနောက် ဒီဇင်ဘာလမှစ၍ ထိုအတိုင်းပင်ရှိနေရာမှ အတိုးနှုန်းများကို မပြောင်းလဲဘဲ ထားရှိရန်ဆုံးဖြတ်ချက်ကို အားလုံး၏ သဘောတူညီမှုဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် စီးပွားရေးအလားအလာနှင့်ပတ်သက်၍ မသေချာမရေရာမှုများ ပိုမိုများပြားလာခဲ့သည်ဟု ဖော်ပြထားပြီး အိမ်ဖြူတော်၏ ဖိအားများရှိသော်လည်း အတိုးနှုန်းများကို တစ်သမတ်တည်းထားရှိရန် တင်ပြထားသည်။



များစွာသော စီးပွားရေးပညာရှင်များနှင့် ဝေါလ်စထရိဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူများသည် ဗဟိုဘဏ်အနေဖြင့် ယခုနှစ်အတွင်း အတိုးနှုန်းကို နှစ်ကြိမ်သို့မဟုတ် သုံးကြိမ်လျှော့ချနိုင်မည်ဟု မျှော်လင့်ထားကြသော်လည်း ထရမ့်၏ ကျယ်ပြန့်သော ကုန်သွယ်မှု အတားအဆီးများသည် အမေရိကန်စီးပွားရေးနှင့် ဘဏ်မူဝါဒများအတွင်း များစွာသော မသေချာမရေရာမှုများကို ဖြစ်ပေါ်စေခဲ့သည်။

အမေရိကန်ဗဟိုဘဏ်အနေဖြင့် ဈေးနှုန်းများနှင့် အလုပ်လက်မဲ့နှုန်းနှစ်ခုစလုံး မြင့်တက်လာနိုင်ခြေရှိကြောင်း ပြောဆိုခြင်းမှာ မတွေ့ရသလောက်ဖြစ်သော်လည်း ထရမ့်၏ ကျယ်ပြန့်သော ကုန်သွယ်မှုအတားအဆီးများကြောင့် ဖြစ်ပေါ်လာသော ခြိမ်းခြောက်မှုဖြစ်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြောင်း သိရသည်။ **Mon**

ဝ-ဝ-ဝ-ဝ-ဝ



# ချမ်းသာသူများ၏ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုပုံစံများကြောင့် အပူလှိုင်းနှင့် မိုးခေါင်ရေရှားမှု သိသိသာသာ မြင့်တက်စေခဲ့

**ဝါရှင်တန် မေ ၈**

ကမ္ဘာ့အချမ်းသာဆုံး လူဦးရေ ၁၀ ရာခိုင်နှုန်းသည် ၁၉၉၀ ပြည့်နှစ်မှစတင်သော ကမ္ဘာကြီးပူနွေးလာမှု၏ သုံးပုံနှစ်ပုံအတွက် တာဝန်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ချမ်းသာသူများ၏ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုပုံစံများသည် အပူလှိုင်းနှင့် မိုးခေါင်ရေရှားမှု အန္တရာယ်ကို သိသိသာသာ မြင့်တက်စေခဲ့ကြောင်း သုတေသီများက လစဉ်ထုတ် သဘာဝရာသီဥတုအပြောင်းအလဲဂျာနယ်တွင် ရေးသားခဲ့သည်။

ပုဂ္ဂလိကချမ်းသာမှု၏ စုစည်းအာဏာကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များအပေါ် သက်ရောက်မှုကို ပမာဏ သတ်မှတ်တိုင်းတာသည့် ပထမဆုံးလေ့လာမှုပင်ဖြစ်ကြောင်း ဇူးရစ် အများပြည်သူတက္ကသိုလ်မှ ဦးဆောင်သုတေသီ သိပ္ပံပညာရှင် ဆာရာစခွင်ဂတ်က ထုတ်ဖော်ပြောကြားသည်။

အထူးသဖြင့်တရုတ်နှင့် အမေရိကန်ရှိ အချမ်းသာဆုံး ၁၀ ရာခိုင်နှုန်းမှ ထုတ်လွှတ်သော ကာဗွန်ဓာတ်ငွေ့များသည် အပူလှိုင်းအလွန်အမင်းဖြစ်ပေါ်မှုကို နှစ်ဆမှ သုံးဆအထိ မြင့်တက်စေခဲ့ကြောင်း သိရသည်။ **Mon**

**STOP AIDS**




# လုံခြုံရေးနှင့် စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ဂျာမန်ဝန်ကြီးချုပ် ဖရက်ဒရိတ်မားဇ် တောင်းဆို

**ဘာလင် မေ ၈**

ဂျာမန်ဝန်ကြီးချုပ် ဖရက်ဒရိတ်မားဇ်က ဥရောပ၏ကြီးမားသော လုံခြုံရေးနှင့် စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ပြင်သစ်နှင့် ပူးပေါင်းဆောင်ရွက်မှု အသစ်တစ်ရပ်ကို ယမန်နေ့က တောင်းဆိုလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်တွင် ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်နှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ခု၌ မားဇ်က ဥရောပနိုင်ငံအချင်းချင်း ပိုမိုနက်ရှိုင်းစွာ ပေါင်းစည်းရေးရည်မှန်းချက်အကြောင်း ရှင်းပြကာ ပြင်သစ်-ဂျာမန် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် "ဥရောပအတွက် အရှိန်သစ်" တစ်ရပ် လိုအပ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

"ပြင်သစ်နှင့် ဂျာမနီတို့သည် ယခင်ကထက် ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှသာ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်" ဟု ၄င်းက သုံးသပ်ပြောကြားသည်။

ဆွေးနွေးခဲ့သော လုပ်ငန်းစဉ်များထဲတွင် ပြင်သစ်-ဂျာမန် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အားဖြည့်ရန် အစီအစဉ်များပါဝင်ကြောင်း ၄င်းက ဖော်ပြခဲ့သည်။

၄င်း၏ ပဲရစ်ခရီးစဉ်သည် မားဇ်၏ဝန်ကြီးချုပ်ရာထူးအတွက် အစပိုင်းတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



# တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေး ဆွေးနွေးအတည်ပြုပြီး အာရှအစုရှယ်ယာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဈေးနှုန်းမြင့်တက်လာ

**စင်ကာပူ မေ ၈**

တရုတ်နှင့် အမေရိကန်တို့ အကြား သီတင်းပတ်ကုန်ပိုင်းတွင် ကုန်သွယ်ရေး ဆွေးနွေးမည်ဟု အတည်ပြု ကြေညာပြီးနောက် အာရှအစုရှယ်ယာနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဈေးနှုန်းမြင့်တက်လာကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ ဒုတိယအကြီးဆုံး စီးပွားရေးကို အရှိန်မြှင့်တင်ရန် ပေကျင်းမှ အဓိကငွေကြေးဆိုင်ရာ မူဝါဒသတ်မှတ်ချက်အချို့ကို လျှော့ပေးသည့် လုပ်ဆောင်ချက်များသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် အာဏာရပြီး ပထမ လအနည်းငယ်အတွင်း ဖြစ်ပွားခဲ့သည့် အရှိန်မြှင့်လုပ်ရပ်များကြောင့် စိတ်ရှုပ်ထွေးနေခဲ့ရသော ရင်းနှီးမြှုပ်နှံသူများအတွင်း မျှော်လင့်ချက်များ မြင့်တက်စေခဲ့သည်။




လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း ထရမ့်၏ကျယ်ပြန့်သော အခွန်စည်းကြပ်မှုများနှင့် ပတ်သက်၍ နိုင်ငံများစွာနှင့် အမေရိကန်အရာရှိများ ဆွေးနွေးခဲ့ပြီးဖြစ်ရာ ဂျပန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံမှာ ပထမဆုံးအဆင့်တွင် ပါဝင်နေကြောင်း သိရသည်။ **Mon**

# နှစ်နိုင်ငံအကြား တင်းမာမှုများ လျော့ပါးစေရန် ကြိုးပမ်းမှုအဖြစ် အစ္စရေးနှင့် ဆွေးနွေးခဲ့သည်ဟု ဆီးရီးယား ယာယီသမ္မတ ပြောကြား

**ဒမတ်စကတ် မေ ၈**

နှစ်နိုင်ငံအကြား တင်းမာမှုများ လျော့ပါးစေရန် ကြိုးပမ်းမှုအဖြစ် အစ္စရေးနှင့် သွယ်ဝိုက်သော ဆွေးနွေးမှုများ မကြာသေးမီက ပြုလုပ်ခဲ့သည်ဟု ဆီးရီးယား ယာယီသမ္မတ အာမက်အယ်လ်ရှာရာက ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုကြေညာချက်သည် ယခင်အပတ်က အစ္စရေး၏ ဆီးရီးယားကို တိုက်ခိုက်မှုများ မြင့်တက်လာမှုနောက်ပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုများတွင် ဒမတ်စကတ်ရှိ သမ္မတနန်းတော်မှ မီတာ ၅၀၀(ပေ ၁၆၄၀)အကွာသို့ ပစ်ခတ်ခဲ့သည့် တိုက်ခိုက်မှုလည်း ပါဝင်သည်။



နှစ်ဖက်စလုံး ထိန်းချုပ်မှု လက်လွှတ်မည့်အဆင့်သို့ မရောက်ရှိစေရန် အခြေအနေကို ငြိမ်သက်စေရန် ကြိုးပမ်းမှုများ ပြုလုပ်ရင်း အစ္စရေးနှင့် ကြားလူများမှတစ်ဆင့် သွယ်ဝိုက်သော ဆွေးနွေးမှုများရှိသည်ဟု အယ်လ်ရှာရာက ပြောကြားခဲ့ပြီး ဆီးရီးယားတွင် အစ္စရေး၏ ကြိုတင်မခန့်မှန်းနိုင်သော ဝင်ရောက်စွက်ဖက်မှုများအတွက် အစ္စရေးကို အပြစ်တင်ခဲ့သည်။

ထို့ပြင် မိမိတို့ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်မှုနှင့် ၄င်း၏အခြေခံအဆောက်အအုံအချို့ကို ဗုံးကြဲတိုက်ခိုက်မှုများ ရပ်တန့်ရန် ဖိအားပေးရေးအတွက် အစ္စရေးနှင့် ဆက်သွယ်နိုင်သည့် နိုင်ငံများနှင့် ဆွေးနွေးနေသည်ဟု ၄င်းကဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Salman Khan ၏ ရုပ်ရှင်ဇာတ်ကားများ အိန္ဒိယတောင်ပိုင်းတွင် အားပေးခံရ



ဘောလိဝုဒ်အနုပညာရှင် စလမန်ခန်က Sikandar ပရိုမိုးရှင်းလုပ်စဉ်က မီဒီယာများအား ဟိန္ဒူဇာတ်ကားများကို အိန္ဒိယတောင်ပိုင်းက မကြည့်ကြောင်းပြောကြားခဲ့ရာ တောင်ပိုင်းမင်းသားနာနီက ဘောလိဝုဒ်ဟိန္ဒူဇာတ်ကားများနှင့် စလမန်ခန်ဇာတ်ကားများကို တောင်ပိုင်းတွင် အားပေးထားသည်ဟု ပြောကြားသွားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စလမန်ခန်၏ အဆိုပါပြောကြားချက်ကို တောင်ပိုင်းယင်ကောင်မင်းသားနာနီက ငြင်းဆိုထားပြီး ဟိန္ဒူရုပ်ရှင်များက မူရင်းဖြစ်ကာ တောင်ပိုင်းကနောက်မှ လူကြိုက်များလာကြောင်း၊ နှစ်ပေါင်းများစွာအားပေးခဲ့ပြီး တောင်ပိုင်းတွင် အမိတာဘဂျန်း၊ ရှာရွတ်ခန်တို့ဇာတ်ကားတိုင်း ရုံပြည့်ခဲ့ကြောင်း စလမန်ခန်၏ ရုပ်ရှင်ဇာတ်ကားများ လူကြိုက်များဆဲဖြစ်ပြီး Didi Tera Devar Deewana နှင့် အခြားသီချင်းများကို မင်္ဂလာဆောင်များတွင် အမြဲဖွင့်ခဲ့ကြောင်း ရှင်းပြထားသည်။

ယင်ကောင်မင်းသားနာနီမှာ အက်ရှင်ဇာတ်ကား HIT တွင် စရီနီဒီရုပ်တီးနှင့်အတူ ပါဝင်ထားပြီး မေ ၁ရက်က ရုံတင်ပြသထားသည်။ (SKY)



## (G)I-DLE သည် i-dle အဖြစ်မှ ကူးပြောင်းခဲ့

ကေပေါ့ပ်မျိုးဆက်သစ် ဂီအိုင်ဒီရယ်အဖွဲ့သည် သူတို့အဖွဲ့နာမည်ပေးပုံအကြောင်းရှင်းလင်းခဲ့ရာ (G)=Girlsကိုဖြုတ်လိုက်၍ ကျား၊မခွဲခြားမှုမရှိဘဲ ကန့်သတ်မထားသည့် ဂီတကိုဖန်တီးရန် (G)I-Dle အဖြစ်ကူးပြောင်းခဲ့ခြင်းဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ယခင်ကပင် i-dle အမည်ကိုရည်စူးထားပြီး ၂၀၁၈ခုနှစ်ဖေဖော်ဝါရီလက အဖွဲ့ဝင် ဆိုယွန်က Idle သီချင်းထုတ်ခဲ့ကာမိန်းကလေးအဖွဲ့ဖြစ်၍ Girl ကိုရီးယားဘာသာ idle မှာ Children ဟုအဓိပ္ပာယ်ရသည့်အတွက် (G)Idle ဟူ၍ ပွဲဦးထွက်ခဲ့ရသည်။

ဂီအိုင်ဒီရယ်၏ (၈)နှစ်ပြည့် အထိမ်းအမှတ် စပါယ်ရှယ် မီနီအယ်လ်ဘမ်ကို မေ ၁၉ရက်တွင် ထုတ်မည်ဖြစ်ပြီး အဖွဲ့အမည်အကြောင်း ပြောကြားထားသည်။ (SKY)

## နှစ်နှစ်အောက်ကလေးများ ပဋိဇီဝဆေးများသုံးလျှင် ကိုယ်အလေးချိန်ညွှန်းကိန်း ပိုမိုမြင့်မားလာနိုင်ခြေရှိ

အသက်နှစ်နှစ်အောက် ကလေးများတွင် ပဋိဇီဝဆေးများ အသုံးပြုခြင်းသည် အရွယ်ရောက်မလာမီကလေးဘဝတွင် ကိုယ်အလေးချိန်ညွှန်းကိန်းပိုမိုမြင့်မားလာနိုင်ခြေရှိနိုင်ကြောင်း မကြာသေးမီကပေါ်ထွက်လာသည့်လေ့လာမှုအသစ်တစ်ရပ်က ဖော်ပြသည်။ ဟိုနိုလူလူမြို့တွင် ဧပြီ ၂၄ရက် မှ ၂၈ရက် အထိ ကျင်းပခဲ့သော ၂၀၂၅ ဆေးသုတေသနအစည်းအဝေးတွင် ယင်းတွေ့ရှိချက်ကို တင်ပြခဲ့သည်။

လေ့လာမှုအရ ကလေးဘဝတွင် ပဋိဇီဝဆေးများ အသုံးပြုခြင်းသည် အသက်နှင့်လိင်ကို ထည့်သွင်းစဉ်းစားပြီးနောက် ကိုယ်အလေးချိန်ညွှန်းကိန်းတွင် ဝ ဒသမ ဝ၆၇ ပွိုင့် တိုးလာသည့်အပြင် ထိုကလေးများသည် ပဋိဇီဝဆေးများမသုံးစွဲခဲ့သော ကလေးများနှင့် နှိုင်းယှဉ်ပါကအဝလွန်ရန် ၉ ရာခိုင်နှုန်းနှင့်အဝလွန်ရောဂါဖြစ်နိုင်ခြေ ၂၀ရာခိုင်နှုန်း ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။ သုတေသီများအဆိုအရ ဆရာဝန်အများစုက ကလေးငယ်များအား ပဋိဇီဝဆေးများ ညွှန်ကြားပေးနေကြရာ ကလေးအများစုသည် အသက်နှစ်နှစ်အတွင်း ပဋိဇီဝဆေးများသုံးစွဲကြရကြောင်း သိရသည်။ (SCI)






## Pawn ဇာတ်ကား ကြိုက်နှစ်သက်သူများပြား

ဒရမ်မာဇာတ်ကား Pawn သည် ပရိသတ်ကြည့်ရှုနှုန်းမြင့်မားစွာရရှိ၍ ကြိုက်နှစ်သက်သူများပြားခဲ့ကာ လူမိုက်ကြီး၏ မေတ္တာတရားကို ဖော်ပြထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံမှ တရားမဝင်အလုပ်လာလုပ်သည့် မိသားစုမှ ခင်ပွန်းဖောက်ပြန်၍ ဇနီးနှင့်သမီးကို အကြွေးများနှင့်ပစ်ထားခဲ့ရာ အကြွေးရှင်က ကလေးကိုအပေါင်သိမ်းပြီး ပိုက်ဆံရနိုးနှင့် စောင့်နေစဉ် မိခင်ကရဲဖမ်းခံလိုက်ရသည်။

အကြွေးရှင်လူမိုက်ကြီးမှာ ကလေးအပေါ် သံယောဇဉ်တွယ်၍ ကျောင်းပါထားပေးခဲ့သည်အထိ မေတ္တာတရားကြီးမားပုံကို ဖော်ကျူးရိုက်ကူးထားသည်။ (SKY)

## Mei Nagano ပါဝင်ထားသည့် Caster ဇာတ်လမ်းတွဲ စိတ်ဝင်စားမှုမြင့်တက်နေ

ဂျပန်ရုပ်သံဇာတ်လမ်းတွဲ Caster တွင် ပါဝင်ထားသည့် မိန်နာဂါနို၏ ကိုယ်ရေးကိုယ်တာဇာတ်လမ်းများကြောင့် ပရိသတ်စိတ်ဝင်စားမှု မြင့်မားနေကြောင်း ရီတေးရှင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျပန်မင်းသမီးမိန်နာဂါနိုသည် Caster ဇာတ်လမ်းတွဲထဲမှ မင်းသား ကင်မူဂျူနှင့်တွဲနေကြောင်း သတင်းထွက်ရှိခဲ့ပြီး ပရိသတ်စိတ်ဝင်စားနေခဲ့ကြသည်။

လက်ရှိ မိန်နာဂါနိုသည် သူ့ထက်အသက်(၁၅)နှစ်ကြီးသည့် ကလေးအဖေ အိမ်ထောင်သည်မင်းသား ကိန်တာနာကာနှင့် ဖောက်ပြန်နေသည့် သတင်းထွက်ပေါ်လာ၍ ပရိသတ်များကပို၍ စိတ်ဝင်စားမှုမြင့်မားခဲ့သည်။

မိန်နာဂါနိုနှင့် ကိန်တာနာကာတို့မှာ And so the Baton is passed တွင် သားအဖအဖြစ်တွဲ၍ သရုပ်ဆောင်ခဲ့ကြဖူးသည်။ (SKY)

## The Odyssey ရုပ်ရှင်၏ မူလဇာစ်မြစ်မှာ ဂရိကဗျာဆရာကြီး ဟိုးမားဖြစ်

ဒါရိုက်တာခရစ္စတိုဖာနိုလန်က The Odyssey ကို ရိုက်ကူးမည်ဖြစ်ရာ ခရီးရှည်ကြီးဟုအဓိပ္ပာယ်ရသည့် ဂရိကဗျာဆရာကြီး ဟိုးမား၏ မူလဇာစ်မြစ်ဖြစ်၍ မည်သို့ပုံဖော်မည်ကို ပရိသတ်စိတ်ဝင်စားခဲ့ကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား The Odyssey သည် Odysseyဆိုသည့် စကားလုံးမြစ်ဖျားခံရာ မူလဇာစ်မြစ်ဖြစ်သည့် ဂရိနာမည်ကျော်ကဗျာဆရာကြီး ဟိုးမားဖြစ်နေကာ မည်သို့ ဖန်တီးပုံ ဖော်မည်ကို ပရိသတ်စိတ်ဝင်စားနေကြသည်။

ထိုဇာတ်ကားတွင် ဒါရိုက်တာခရစ္စတိုဖာနိုလန်က ၂၀၂၀ နောက်ပိုင်းအာရုံအစိုက်ခံရဆုံး အနုပညာရှင်များကို ထည့်သွင်းထားသည်။ (SKY)




## Wang Yibo ၏ Yiboss ဒုတိယအကျော့ ကားပြိုင်ပွဲတွင် ထိခိုက်ခဲ့

တရုတ်အနုပညာရှင်ဘက်စုံထူးချွန်လူငယ်စံပြ ဝမ်ရိဘိုသည် ရှန်ဟိုင်းကားပြိုင်ပွဲဝင်ရောက်ခဲ့ရာမှ ဖိုင်နယ်ပွဲဒုတိယအကျော့တွင် ကားထိခိုက်ခဲ့၍ ယှဉ်ပြိုင်မှုရပ်နားခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုသည် YiBoss ကားနှင့်ပြိုင်ပွဲဝင်ခဲ့ရာ အမောင်းကြမ်းခဲ့၍ ပထမအကျော့ပြီးသည်နှင့် လူအမြန်ချိန်းခဲ့သော်လည်း ကားကမရွေ့တော့ဘဲ ဆီယိုစိမ့်ထွက်ရှိခဲ့သည်။

ကားထိခိုက်ခဲ့ကာ ဝမ်ရိဘိုက ဆက်မောင်း၍ မရတော့သဖြင့် ဖိုင်နယ်ဒုတိယပွဲတွင် ပါဝင်ခြင်းမရှိဖြစ်ခဲ့ပြီး၊ ဝမ်ရိဘိုက ချက်ချင်း မပြန်သေးဘဲ ကားကိုအရှိန်ကြာစွာ သွားရောက်ကြည့်ရှုခဲ့သည်။

ကားပြိုင်ပွဲမှတစ်ဆင့် Hua-biao Awards ပွဲသို့ ဝမ်ရိဘိုတက်ရောက်ခဲ့ပြီး စင်ပေါ်တွင် မျိုးဆက်သုံးဆက် ဂျက်ကီချန်း၊ ကျန်းဇီယိနှင့် ဝမ်ရိဘိုတို့အတူ တာဝန်ယူတင်ဆက်ခဲ့သည်။ (SKY)



# ရင်သွေးအတွက် မိခင်နို့ရည်

မေတ္တာနှင့်ယှဉ်၍ ခန္ဓာကိုယ်မှ ပေးဆပ်ရသော မိခင်နို့ရည်သည် ရင်သွေးအတွက် နှစ် နှစ်အရွယ်အထိ အလိုအပ်ဆုံးအာဟာရဖြစ်သည်။ နှစ် နှစ်ကျော်မှ မိခင်က နို့ရည်ကိုဖြတ်ပြီး အစားထိုးအစာကို ဖြည့်စွက်စာ (Supplementary Diet) အဖြစ် ကျွေးရသည်။ အချို့ ကျေးလက်ဒေသတွင် မိခင်နို့ရည်တစ်မျိုးတည်းသာ တိုက်ပြီး ခြောက်လပြည့်လျှင် ဖြည့်စွက်စာအဖြစ် နို့မှုန့်တိုက်ကျွေးသည်။ ဖြည့်စွက်စာအဖြစ် (Cereal) အာဟာရမှုန့်ကို အစားထိုး၍ ဇွန်းဖြင့် စတင်ကျွေးကြသည်။ အချို့က ငှက်ပျောသီး၊ ထမင်းပျော့၊ အာလူးပြုတ်၊ သဘော်သီးမှည့်၊ အစာကြေလွယ်သော အစာဟူသမျှကို ကျွေးကြသည်။ ရင်သွေးငယ်အကျင့်ရရန် လေးလအရွယ်မှစတင်၍ ကျွေးကြသည်။

မိခင်တိုင်းက အကြောင်းမခိုင်လုံဘဲ မိခင်နို့အစား အခြားအာဟာရမှုန့်၊ နို့မှုန့်များကို မတိုက်ကျွေးသင့်ပါ။ မိခင်၏ သွေးသားမှဆက်နွှယ်သော မိခင်နို့ကသာ အကောင်းဆုံးအာဟာရဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတွင် နှစ်စဉ် ဩဂုတ်လ ပထမပတ်ကို မိခင်နို့ရည်တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်၍ ကမ္ဘာတစ်ဝန်း ဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးလှုပ်ရှားမှုအဖွဲ့ (WABA) က ဦးဆောင်ပြီး ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ပထမပတ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ က ပူးပေါင်းဆောင်ရွက်နေသည်။

မိခင်နို့ရည်တိုက်ကျွေးမှုကြောင့် ရင်သွေးငယ်သည် ကြီးပြင်းလာသောအခါ ပညာဉာဏ်ထက်မြက်သည်။ အာဟာရချို့တဲ့မှု လျော့နည်းသည်။ အဝလွန်ခြင်း မဖြစ်ပါ။ နာတာရှည်ရောဂါ၊ သွေးတိုး၊ ဆီးချို၊ ပန်းနာ၊ ရင်ကျပ်ရောဂါ လျော့နည်းသည်။

မိခင်နို့ရည်တိုက်ကျွေးမှုကြောင့် ရင်သွေးငယ်သည် ကြီးပြင်းလာသောအခါ ပညာဉာဏ်ထက်မြက်သည်။ အာဟာရချို့တဲ့မှု လျော့နည်းသည်။ အဝလွန်ခြင်း မဖြစ်ပါ။ နာတာရှည်ရောဂါ၊ သွေးတိုး၊ ဆီးချို၊ ပန်းနာ၊ ရင်ကျပ်ရောဂါ လျော့နည်းသည်။

စိတ်ပိုင်းဆိုင်ရာတွင် မိခင်နှင့် ရင်သွေးငယ်ချစ်ကြည်ရင်းနှီးမှု ပိုမိုလာသည်။ မေတ္တာချင်းဆက်နွှယ်၍ မိခင်နှင့် ရင်သွေးနားလည်မှုများ ပေးစွမ်းနိုင်သည်။ မိခင်နို့သာ ရင်သွေးအတွက် အကောင်းဆုံးအာဟာရဖြစ်သကဲ့သို့ ကလေးငယ်အနာဂတ်ဘဝ ကျန်းမာရေး အတွက် မိခင်နို့ဦးရည်က အဖိုးအနဂ္ဃထိုက်တန်နေသည်။

စိတ်ပိုင်းဆိုင်ရာတွင် မိခင်နှင့် ရင်သွေးငယ်ချစ်ကြည်ရင်းနှီးမှု ပိုမိုလာသည်။ မေတ္တာချင်းဆက်နွှယ်၍ မိခင်နှင့် ရင်သွေးနားလည်မှုများ ပေးစွမ်းနိုင်သည်။ မိခင်နို့သာ ရင်သွေးအတွက် အကောင်းဆုံးအာဟာရဖြစ်သကဲ့သို့ ကလေးငယ်အနာဂတ်ဘဝ ကျန်းမာရေးအတွက် မိခင်နို့ဦးရည်က အဖိုးအနဂ္ဃထိုက်တန်နေသည်။

ခြောက်လကျော်၍ မိခင်နို့ရည်တိုက်ကျွေးမှုကို ရပ်နားလျှင် ဖြည့်စွက်အစာများကို ကျွေးရပြန်သည်။ ပန်းကန်တစ်လုံးတွင် ထည့်၍ ဇွန်းဖြင့်ခွံ့ကျွေးရာတွင် သန့်ရှင်းဖို့လိုသည်။ မိခင်နို့အစားပြုတ်ထားသော အသားတုံး တစ်တုံး၊ ပဲနီတစ်ဇွန်း၊ အာလူး၊ ဖရုံသီး၊ မုန်လာဥနီ၊ ပန်းသီး စသည့် အာဟာရဖြစ်စေသော သစ်သီးဝလံများကို အစားထိုးကျွေးသင့်သည်။

ရင်သွေးခြောက်လတွင် ရယ်ဒီမိတ် မဟုတ်သော သဘာဝသစ်သီးများကို ဖျော်၍တိုက်ကျွေးနိုင်သည်။ ပန်းသီး၊ ငှက်ပျောသီးများကို တစ်ရက်လျှင် ခွက်တစ်ခွက်၏ လေးပုံ တစ်ပုံ ၅၀

မီးဖွားသန့်စင်ပြီး ၂၄-၄၈ နာရီအတွင်းသာ ထွက်သော နို့ဦးရည်က ရင်သွေးငယ်၏ ဘဝတစ်လျှောက်လုံး ခန္ဓာကိုယ်ကျန်းမာရေးကို အားဖြစ်စေသည်။ နို့ဦးရည်က ခုခံနိုင်စွမ်းသော ပဋိပစ္စည်း (Antibodies) များ ပါဝင်သည်။ ကိုယ်ခန္ဓာကြီးထွားစေသော ဟော်မုန်း (Growth Hormone) များ ပါဝင်သည်။ အဆိုပါ ခန္ဓာကိုယ်ကြီးထွားစေသော ဟော်မုန်း၏အစွမ်းကြောင့် အိုမင်းရင့်ရော်မှုကို ဟန့်တားနိုင်စွမ်းသည် နပျိုမှုကို ဖြစ်စေသည်။

မီလီမီတာတွင် ရေသုံးဆဖြင့်ရောပြီး ကျွေးနိုင်သည်။ အာလူးကို ထောင်းကျွေးနိုင်သည်။ ခေါက်ဆွဲကို ကြေညက်အောင်ပြုတ်၍ ကျွေးနိုင်သည်။

လူနှင့်တိရစ္ဆာန်၏ မိခင်နို့ရည်တွင် အဖိုးမဖြတ်နိုင်သော ဘက်တီးရီးယားပိုး၊ ပိုးမွှားမျိုးစုံ မျိုးကွဲမျိုးစိတ် ၇၀၀ ကျော် ပါဝင်ကြောင်း ပြင်သစ်သိပ္ပံသုတေသီပညာရှင်များက ညွှန်းဆိုသည်။

နို့ဦးရည်က ရင်သွေးငယ်အား မျက်နှာမြင်ပြီးနောက် နို့ရည်ဂလင်းမှ ရှေးဦးစွာပေါ်ထွက်လာသော အရည်တစ်မျိုးဖြစ်သည်။ DNA အထောက်အထား စနစ်ဖြင့် သုံးသပ်ပါက တစ်လမှ ခြောက်လအတွင်း ထွက်ရှိသော နို့ဦးရည်ကို ဓာတုဗေဒနှင့် အစားအစာနည်းပညာတက္ကသိုလ်သုတေသီ မာရီယာကာမင်းကိုလာဒိုနှင့် ပြည်သူ့ကျန်းမာရေးသုတေသနဌာနမှ သုတေသီ အလက်စ်မီရာတို့က စမ်းသပ်ချက်အရ Leuconostoc, Staphylococcus, Strepueillonella, Leptotrichia နှင့် Prevotella ပိုးမွှားများကို ဖော်ထုတ်သုတေသနပြုနိုင်ခဲ့သည်။

လူသားတစ်ဦး လူ့ဘဝထဲသို့ အရွယ်ရောက်လာအောင် မိခင် နို့ရည်သောက်သုံးခဲ့ရမှုပမာဏက များလှပေစွ။

"ရှည်လျားသော သံသရာခရီးတစ်လျှောက်မှာ သောက်သုံးခဲ့ရသော မိခင်နို့ရည်သည် သမုဒ္ဒရာကြီး လေးစင်းထဲက ရေထက် ပိုများသည်။" (သံယုတ်ပါဠိတော် ပထမတွဲ၊ စာ-၁၈၉)

လူသားခန္ဓာကိုယ်၏ ၃၂ ကောဋ္ဌာသအစုအဝေးတွင် "နို့ရည်" ဟူ၍ မပါရှိပါ။ မိခင်စိတ်မေတ္တာအဟုန်ကြောင့်သာ သွေးမှယိုဆင်းလာသော အရည်ကြည် ရင်သွေးမျှသာဖြစ်သည်။

မီးဖွားသန့်စင်ပြီး ၂၄-၄၈ နာရီအတွင်းသာ ထွက်သော နို့ဦးရည်က ရင်သွေးငယ်၏ ဘဝတစ်လျှောက်လုံး ခန္ဓာကိုယ်ကျန်းမာရေးကို အားဖြစ်စေသည်။ နို့ဦးရည်က ခုခံနိုင်စွမ်းသော ပဋိပစ္စည်း (Antibodies) များ ပါဝင်သည်။ ကိုယ်ခန္ဓာကြီးထွားစေသော ဟော်မုန်း (Growth Hormone) များ ပါဝင်သည်။ အဆိုပါ ခန္ဓာကိုယ်ကြီးထွားစေသော ဟော်မုန်း ၏ အစွမ်းကြောင့် အိုမင်းရင့်ရော်မှုကို ဟန့်တားနိုင်စွမ်းသည် နပျိုမှုကို ဖြစ်စေသည်။

လူသားတစ်ဦး လူ့ဘဝထဲသို့ အရွယ်ရောက်လာအောင် မိခင်နို့ရည်သောက်သုံးခဲ့ရမှုပမာဏက များလှပေစွ။

**'ရှည်လျားသော သံသရာခရီးတစ်လျှောက်မှာ သောက်သုံးခဲ့ရသော မိခင်နို့ရည်သည် သမုဒ္ဒရာကြီး လေးစင်းထဲက ရေထက် ပိုများသည်။'**

**(သံယုတ်ပါဠိတော် ပထမတွဲ၊ စာ–၃၈၉)**

ထို့ကြောင့်လည်း ကဗျာဆရာကြီး ဒေါင်းနွယ်ဆွေက "မိခင်ရင်၊ ယိုစီးကျသည်၊ ချိုမြလှိုင်ကြူ၊ သွေးဖြူနို့ရည်၊ တစ်စက်သည်ပင်၊ မျိုးဆက်ရှင်သန်၊ တန်ဖိုးအနဂ္ဃ၊ လူ့ဘဝ၏၊ အာဟာရရိက္ခာ၊ မဟာစွမ်းအားပင်" ဟူ၍ ရေးဖွဲ့ဖွင့်ဆိုခဲ့သည်။

ထို့ကြောင့် လူသားတစ်ဦးချင်းစီအတွက် အဓိကကျသော မိခင်နို့ရည်၊ မိခင်၏သွေးဖြူတစ်စက်သည် သဘာဝကပေးသော မေတ္တာနှလုံးသားသွေးများဖြစ်၍ မိဘတိုင်းက မိခင်ပီသစွာဖြင့် ဂုဏ်ယူတိုက်ကျွေးသင့်ပါကြောင်း ……။

**ရွှေလင်းပြည့်စုံ**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မကွေး မေ ၈**

မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ကို မေ ၇ ရက် နံနက် ၁၀ နာရီခွဲက မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show တွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးနှင့် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့်ပတ်သက်၍ ကျင်းပဆောင်ရွက်မည့် အစီအစဉ်များ၊ ပြည်သူလူထုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာမျှဝေပေးခြင်း စသည်တို့ကိုအသိပညာပေးဆွေးနွေးကြသည်။

ထို့အပြင် ပလတ်စတစ်အိတ်၊ (ကြွပ်ကြွပ်အိတ်)လျှော့ချသုံးစွဲပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ပြီး မိမိပတ်ဝန်းကျင် သာယာလာမည် ဖြစ်သကဲ့သို့ မြို့ပြများလည်း သာယာလှပလာမည်ဖြစ်သည်။ သက်ရှိများ၏ ဂေဟစနစ်များကို ထိန်းသိမ်းခြင်း၊ လူသားတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်လာနိုင်ခြင်း၊ စိုက်ပျိုးသီးနှံ ကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့်ဆောင်ရွက်ပေး" (Ending Plastic Pollution) ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှုကို အားလုံးပူးပေါင်းတိုက်ဖျက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **"ပညာ" ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ . . .**

❖ **နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုး သယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား" တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပါဝင်တက်ရောက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညပိုင်းတွင် ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသည့် အခြားနိုင်ငံ့အကြီးအကဲများအား ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတမစ္စတာဗလာဒီမာပူတင် က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့အကြီးအကဲများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့်အတူ Andereevsky ခန်းမ၌ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုကပွဲကို အတူတကွ ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့အကြီးအကဲများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတနှင့်အတူ Aldxandrovsky ခန်းမ၌ ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် အပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်